ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့။ Friday, 17 February 2023 ၁၁၀၁၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်မှု အထိမ်းအမှတ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပ ရုရှားနိုင်ငံကို မိတ်ကောင်းဆွေကောင်းအဖြစ် လေးစားတန်ဖိုးထားပြီး နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းနိုင်အောင် ဘက်ပေါင်းစုံမှ ဖော်ဆောင်သွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံပြည်သူများအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်သွယ်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့် အဖွဲ့ဝင်များ ရုရှား-မြန်မာချစ်ကြည်ရေး မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

(၇၅)နှစ်မြောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်ထူထောင်မှု အထိမ်းအမှတ်အဖြစ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ယနေ့တွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ပါဝင်ဆွေးနွေးကြမည့် ပညာရှင်များ၊ တက္ကသိုလ်များမှ နည်းပြများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

**ယနေ့ ဖတ်စရာ**

**ရုရှား - မြန်မာ (၇၅) နှစ်တာ စိန်ရတုခရီးလမ်းမှသည်...**



ဆောင်းပါး စာမျက်နှာ » ၆

**တောင်သူများ တွက်ခြေကိုက်ပြီး စိုက်ပျိုးသင့်သော အစေ့ထုတ်ပြောင်း**



စာမျက်နှာ » ၁၉

**သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

ကြေးမုံ

# လမ်းမှန်ပေါ်တွင် လျှောက်လှမ်းနိုင်ရေး အသိပညာများလွှမ်းခြုံမှုဝေပေး

အကြမ်းဖက်လုပ်ရပ်များကြောင့် ကြောက်လန့်ပြီး ရှောင်တိမ်းကြသူများကို ပြန်လည်သတင်းပို့ကြရန် ဖိတ်ခေါ်ခြင်း၊ ပြစ်ဒဏ်ကျခံနေရသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ခြင်းများဖြင့် ပျော့ပျောင်းညင်သာစွာ ဆောင်ရွက်နေပါကြောင်း၊ သို့သော်လည်း အထူးသဖြင့် လူငယ်များကို သွေးထိုးမြှောက်ပင့်ပေးခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း စသည့် မရိုးသားသောနည်းလမ်းများဖြင့် စည်းရုံးသိမ်းသွင်းပြီး လမ်းမှားသို့တွန်းပို့ကာ နိုင်ငံတော်ကို ဖျက်ဆီးနေကြဆဲဖြစ်သောကြောင့် ပြည်သူများနှင့်လူငယ်များ အတွေးအခေါ်မှန်ကန်ပြီး အသိပညာမြင့်မားလာရေး ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လာခဲ့သည်မှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်ကို တာဝန်ယူခဲ့သည့် နှစ်နှစ်တာကာလအတွင်း နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ထိရောက်စွာဆောင်ရွက်နိုင်ခဲ့သော်လည်း အချို့နေရာများတွင် အကြမ်းဖက်မှုများ၊ လူသတ်၊ မီးရှို့၊ ဖောက်ခွဲဖျက်ဆီးမှုများမှာ သိသိသာသာ လျော့နည်းကျဆင်းသွားခြင်းမရှိသေးပေ။ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို မလိုလားသည့် ဩဇာခံတိုင်းပြည်ဖြစ်အောင် အစမ္ပလုပ်လိုသည့် ပြည်ပနိုင်ငံအချို့နှင့် ပြည်သူ့အကျိုးကို မျက်ကွယ်ပြုကာ ပုဂ္ဂိုလ်ရေးနှင့် အဖွဲ့အစည်းအကျိုးစီးပွားကိုသာ ရှေးရှုနေကြသည့် ပြည်တွင်းမှ သစ္စာဖောက်များနှင့် ပြည်ပြေးများသည် နိုင်ငံကို အလုံးစုံပျက်စီးအောင် ဆက်လက်လုပ်ကိုင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ယနေ့ဖြစ်ပေါ်နေသည့် တိုင်းပြည်အတွင်း အကြမ်းဖက်ဖျက်ဆီးရေးလုပ်ဆောင်နေမှုများကို သုံးသပ်ကြည့်လျှင် နိုင်ငံရေးကို ခုတုံးလုပ်၍ တိုင်းပြည်အလုံးစုံပျက်စီးရေးဟူသည့်လမ်းမှားပေါ်တွင် ဦးတည်နေကြသည်ကိုတွေ့ရမည်ဖြစ်သည်။ ခံယူချက်အရ ပင်ကိုအားဖြင့် တိုင်းပြည်ဖျက်ဆီးရေးကို လုပ်ဆောင်ကြသူများ၏ ပယောဂကြောင့် အသိပညာဗဟုသုတနည်းပါးသူများ လမ်းမှားပေါ်သို့ရောက်ရှိသွားကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက လမ်းမှားရောက်နေသူများအား ပြန်လည်ဖိတ်ခေါ်ခြင်း၊ ပြစ်ဒဏ်ကျခံနေရသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းတို့ကို သဘောထားကြီးစွာ ပြုလုပ်ပေးလျက်ရှိသည်။ ပြည်သူများ လမ်းမှားပေါ်သို့ရောက်ရှိစေရန်အတွက် မသမာသူများ၊ ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်များကို အသုံးချကာ အတွေးအမြင်ခံယူချက်များ လွဲမှားအောင် ပြုလုပ်လျက်ရှိသည်။

လက်ရှိကာလတွင် ပြည်သူများအား မှန်ကန်သည့်အသိအမြင် ဗဟုသုတများ ပေးဝေနိုင်ရေးသည် အရေးကြီးသည့်လုပ်ငန်းဖြစ်သည်။ "အမှားကြာလျှင် အမှန်ဖြစ်" ဆိုသည့်နည်းတူ "အမှန်ကြာလျှင် အမှားပျောက်ကွယ်" သွားအောင် ကြိုးပမ်းကြရမည်ဖြစ်သည်။ ထို့ကြောင့် မှန်ကန်သည့်အသိအမြင်ဗဟုသုတ အတွေးအခေါ် အယူအဆများကို ပြည်သူများကြားတွင် စိမ့်ဝင်ပျံ့နှံ့အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် လူငယ်လူရွယ်များ လမ်းမှားပေါ်သို့ မရောက်စေရေး၊ ပညာတတ်သားကောင်းရတနာများဖြစ်လာစေရေးသည် အရေးကြီးသည်။ လူငယ်လူရွယ်ဆိုသည်မှာ အနာဂတ်တာဝန်ကို လက်ဆင့်ကမ်းလွှဲပြောင်းယူကြမည့်သူများဖြစ်၍ မှားယွင်းသောအယူအဆ အသိအမြင်များ လွှမ်းမိုးသွားလျှင် အနာဂတ်တွင် ရင်လေးဖွယ်ရာများ ကြုံတွေ့နိုင်သည်။ လူငယ်လူရွယ်များကြားတွင် မှန်ကန်သည့် အသိအမြင် ဗဟုသုတ အတွေးအမြင်များ လွှမ်းခြုံနေလျှင် တိုင်းပြည်၏အနာဂတ်မှာ တောက်ပြောင်လင်းလက်လာမည်ဖြစ်သည်။

ယနေ့လူငယ်လူရွယ်များသည် နောင်အနာဂတ်တွင် နိုင်ငံတော်အကျိုးကို သယ်ပိုးထမ်းရွက်ကြမည့်၊ နိုင်ငံတော်ကို ထုဆစ်ပုံဖော်ကြမည့်မျိုးဆက်များဖြစ်သည်။ လူငယ်လူရွယ်များအား ပြုစုပျိုးထောင်ရေးတာဝန်မှာ အဓိကအားဖြင့် မိဘဆရာများတွင် တာဝန်ရှိသည်ဆိုသော်လည်း ယနေ့လူငယ်များ၏ တိုးတက်ဖြစ်ပေါ်နေမှုအခြေအနေများကိုလိုက်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်နေရမည်ဖြစ်သည်။ လူငယ်လူရွယ်များကြားတွင် မိဘဆရာများထက် လွှမ်းမိုးဖြစ်ပေါ်နေသည်မှာ နည်းပညာနယ်ပယ်ဖြစ်သည်။ နည်းပညာများကိုအသုံးချ၍ လူငယ်လူရွယ်များ အတွေးမှား အမြင်မှားစေရန် ဆောင်ရွက်နေသည့်မီဒီယာများကို သတိပြုရမည်ဖြစ်သည်။ မီဒီယာများကိုအသုံးချ၍ လူငယ်လူရွယ်များအား လမ်းမှားပေါ်သို့ တွန်းပို့နေမှုကို မှန်ကန်သောသတင်းအချက်အလက်၊ အသိပညာဗဟုသုတများဖြင့် ချေဖျက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာဝပြောရေးနှင့် ပိုမိုကောင်းမွန်သောအနာဂတ်ကို တည်ဆောက်နိုင်ရေးအတွက် လူငယ်လူရွယ်များကြားတွင် မှန်ကန်သည့် တွေးခေါ်မြော်မြင်မှုများနှင့် အသိအမြင်ဗဟုသုတများ တိုးပွားလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အဓိကမှာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများကြားတွင် မှန်ကန်သည့်အတွေးအမြင် ဗဟုသုတများ လွှမ်းခြုံမှုဝေပေးကြရမည်ဖြစ်ပါကြောင်း။ ။

ကျန်းမာရေးဝန်ကြီးဌာန

MINISTRY OF HEALTH

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မှ ၂၄ ရက်နေ့အထိ

ဆေးသုတေသနဦးစီးဌာန | အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/၂၀၂၃)ဖြင့် လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့် စပ်လျဉ်း၍ ကြေညာချက်အမှတ်(၂/၂၀၂၃)၊ (၃/၂၀၂၃) တို့ဖြင့်လည်းကောင်း ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆ - ၂ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၂၃ | ၁၉၅,၅၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၅၂၇ | ၁,၆၈၆,၄၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၂၃၇ | ၁,၇၇၇,၅၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁,၅၃၄ | ၂,၇၆၁,၂၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၀၈ | ၅၂၉,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၄၇.၈ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၆.၃၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၁၈၀ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၆.၈၄ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၉၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၅၃.၂ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၄.၅ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၆၉.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၃.၃၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် အဖွင့်အမှာစကားပြောကြားစဉ်။

**✻ ရှေ့ဖုံးမှ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် အခမ်းအနား ကျင်းပပြုလုပ်မည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ သို့ ရောက်ရှိကြပြီး ရုရှား-မြန်မာ ချစ်ကြည်ရေး မှတ်တမ်းဗီဒီယိုနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

**စတင်ဖွင့်လှစ်**

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက **"သမိုင်းတစ်ခေတ် တို့ဖွင့်လှစ်မည်"** သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ ယင်းနောက် မြန်မာ-ရုရှား ခေတ်အဆက်ဆက် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၇၅) နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်မှု အထိမ်းအမှတ်အဖြစ် အဖွင့်အမှာစကား ပြောကြားရာတွင် ယခု ကျင်းပပြုလုပ်သည့် ဖိုရမ်ကြီးကို မြန်မာ-ရုရှား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရန်နှင့် ကဏ္ဍပေါင်းစုံ၌ ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်စေရန် ရည်ရွယ် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ အားလုံးသိကြသည့်အတိုင်း မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ သံတမန်ဆက်သွယ်ထူထောင်မှုသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင်(၇၅)နှစ်ပြည့်မြောက်တော့မည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးသမိုင်းကိုပြန်ကြည့်ပါက ခေတ်အဆက်ဆက်တွင် ရင်းနှီးချစ်ခင်မှု ခိုင်မြဲခဲ့သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ယခင်ကထက် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရုံသာမက နှစ်နိုင်ငံ တပ်မတော်အကြား၌လည်း တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုကိစ္စရပ်များ၊ သိပ္ပံနည်းပညာဆိုင်ရာ ကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များသာမက အခြားကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို မြှင့်တင်နိုင်ခဲ့ပါကြောင်း။

**အမြဲတမ်းမဟာမိတ်**

အထူးသဖြင့် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အမြဲတမ်းမိတ်ဆွေနိုင်ငံ၊ အမြဲတမ်းမဟာမိတ်နိုင်ငံများအဖြစ် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြမည်ဖြစ်ပြီး ရုရှား-မြန်မာချစ်ကြည်ရေးအသင်းများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်အရာရှိကြီးများ ချစ်ကြည်ရေးခရီး အပြန်အလှန်လည်ပတ်ရေး၊ ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းတိုးမြှင့်ရေး၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အရပ်ဘက်၊ စစ်ဘက် ပညာတော်သင်များ ထပ်မံစေလွှတ်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်စေလွှတ်သွားရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာနှင့် ဒေသတွင်း ဆက်ဆံရေး အခြေအနေများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြရေး ဟူသည့် လုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်ပါကြောင်း။

**ရင်းနှီးချစ်ကြည်ဆက်ဆံလာခဲ့**

အတိတ်သမိုင်းကြောင်းကို ပြန်ကြည့်ပါက ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ပထဝီအနေအထားအရ သမုဒ္ဒရာကြီးများနှင့် တိုက်ကြီးများ ခြားထားသော်လည်း နှစ်နိုင်ငံ အပြန်အလှန်နားလည်မှု၊ စီးပွားရေးအခွင့်အလမ်းနှင့် မဟာဗျူဟာဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများအပေါ် အခြေခံပြီး နီးနီးကပ်ကပ် ရင်းနှီးချစ်ကြည်ဆက်ဆံလာခဲ့ကြသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာ-ရုရှား ချစ်ကြည်ရေးမှတ်တမ်းဗီဒီယိုကို ကြည့်ရှုစဉ်။

- ❖ **ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ပထဝီအနေအထားအရ သမုဒ္ဒရာကြီးများနှင့် တိုက်ကြီးများ ခြားထားသော်လည်း နှစ်နိုင်ငံ အပြန်အလှန်နားလည်မှု၊ စီးပွားရေး အခွင့်အလမ်းနှင့် မဟာဗျူဟာဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများအပေါ် အခြေခံပြီး နီးနီးကပ်ကပ် ရင်းနှီးချစ်ကြည်ဆက်ဆံလာခဲ့ကြ**
- ❖ **ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ သံတမန်ဆက်ဆံရေးတွင် ဆဋ္ဌမမြောက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်ကတည်းက သံတမန်ဆက်ဆံခဲ့ကြခြင်းဖြစ်သဖြင့် ရင်းနှီးကျွမ်းဝင်မှုများ အခိုင်အမာရှိနေ**

ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ သံတမန်ဆက်ဆံရေးတွင် ဆဋ္ဌမမြောက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်ကတည်းက သံတမန်ဆက်ဆံခဲ့ကြခြင်းဖြစ်သဖြင့် ရင်းနှီးကျွမ်းဝင်မှုများ အခိုင်အမာရှိနေပြီဟု ပြောရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကြေညာစာတမ်းတွင် **"ငါတို့ လွတ်လပ်ရေးနှင့် ငါတို့နိုင်ငံတော်ကြီး၏သစ္စာကို ကမ္ဘာဆုံးတိုင် မယိမ်းမယိုင်တည်မည်။ ငါတို့သည် လွတ်လပ်သောနိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လွတ်လပ်သော နိုင်ငံအပေါင်းတို့ တရားသဖြင့် ကျင့်ဆောင်အပ်သော ကျင့်ဝတ်ကို စောင့်ရှောက်ကျင့်ဆောင်မည်။ ငါတို့၏ လွတ်လပ်ရေးကို ငါတို့ချစ်မြတ်နိုးသည်နှင့်အညီ တစ်ပါးသူတို့၏ လွတ်လပ်ရေးကိုလည်း ငါတို့ လေးစားစောင့်စည်းမည်။ ငါတို့သည် ငြိမ်းချမ်းရေးကို အလိုရှိသည်နှင့်အညီ ငါတို့ကဲ့သို့ လိုလားသူများနှင့်အတူ လက်တွဲ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မည်။ ဤငါတို့ကြေညာချက်ကို တစ်ကမ္ဘာလုံး တစ်ယောက်မကျန် ကြားသိစေသတည်း"** ဟု ရေးသားကြေညာခဲ့သည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း။

ယင်း ကြေညာစာတမ်းကို ကြည့်ပါက မိမိတို့ မြန်မာနိုင်ငံသားများသည် လွတ်လပ်ရေးကို လေးစားမြတ်နိုး တန်ဖိုးထားထိန်းသိမ်းသူများ၊ ငြိမ်းချမ်းရေးကို အလေးထားမှုများ၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်လိုစိတ်ရှိမှုများကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

**ဝင်ရောက်စွက်ဖက်**

ယနေ့ ကမ္ဘာကြီးတွင် အင်အားကြီးနိုင်ငံအချို့သည် နိုင်ငံငယ်များ၏ ပြည်တွင်းရေးကိစ္စများတွင် အကြောင်းအမျိုးမျိုးပြကာ ဝင်ရောက်စွက်ဖက်ပြီး တည်ငြိမ်မှုပျက်ပြားအောင်၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင် နည်းလမ်းမျိုးစုံ အသုံးပြုပြီး ဆောင်ရွက်နေကြပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံငယ်လေးများအပေါ် မလိုတစ်မျိုးလိုတစ်မျိုးလုပ်ပြီး ဖိအားပေးအကျပ်ကိုင်မှုများ၊ အနိုင်ကျင့်ဗိုလ်ကျမှုများ၊ ခွဲခြားဆက်ဆံမှုများ ပြုလုပ်နေသည်ကို တွေ့မြင်နေရပါကြောင်း။

**စာမျက်နှာ ၄ သို့ ✻**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များ၏ Rossiya Vperod ရုရှားတေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

❋ စာမျက်နှာ ၃ မှ

အထူးသဖြင့် မိမိတို့မြန်မာနိုင်ငံကဲ့သို့ ပထဝီနိုင်ငံရေးအရ အရေးပါသည့် နိုင်ငံငယ်တစ်ခုကို ၎င်းတို့အလိုကျ ပုံဖော်ဆောင်ရွက်နိုင်ရေးနှင့် ဒေသတွင်း ဩဇာကျယ်ပြန့်လာစေရေးအတွက် နည်းလမ်းမျိုးစုံနှင့် ဖိအားပေးအကျပ်ကိုင်မှုများ၊ အပြစ်ရှာဝေဖန်တိုက်ခိုက်မှုများ၊ ပိတ်ဆို့အရေးယူမှုများ၊ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုများကို စဉ်ဆက်မပြတ် တစိုက်မတ်မတ် အရှိန်ယူဆောင်ရွက်နေသည်ကို စိတ်မကောင်းဖွယ် တွေ့မြင်နေရပါကြောင်း။

**မိတ်ကောင်းဆွေသဟာ**

ထိုကဲ့သို့ နိုင်ငံကြီးအချို့၏ မြန်မာနိုင်ငံအပေါ် အဆိုးမြင်စိတ်များစွာနှင့် အလုံးစုံပျက်သုဉ်းရေး ရည်ရွယ် ကျင့်ကြံဆောင်ရွက်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် မိတ်ကောင်းဆွေသဟာပီသစွာ အမြဲဖေးမကူညီရပ်တည်ပေးသည့် ရုရှားနိုင်ငံ၏ ခေါင်းဆောင်များနှင့် ရုရှားနိုင်ငံသူနိုင်ငံသားများကို အထူးပင် ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ရုရှားနိုင်ငံနှင့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးတက်ခိုင်မြဲစေရန် အစဉ်တစိုက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း၊ ရုရှားနိုင်ငံကို မိတ်ကောင်းဆွေကောင်းအဖြစ် လေးစားတန်ဖိုးထားပြီး နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းနိုင်အောင် ဘက်ပေါင်းစုံမှ ဖော်ဆောင်သွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံပြည်သူများ အချင်းချင်းရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်သွယ် ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

ယနေ့ မျက်မှောက်ကမ္ဘာကြီးတွင် အရေးအကြီးဆုံး လိုအပ်နေသည့်အရာသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ပင်ဖြစ်ပါကြောင်း၊ ထိုအရာများသည် တသီးခြားစီ ရပ်တည်၍မရဘဲ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေရသည့် အရာများပင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းမှုမရှိဘဲ တည်ငြိမ်မှုမရနိုင်သကဲ့သို့ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်လို့မရနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း၊ ယင်းလိုအပ်ချက်များ ပြည့်စုံရေးအတွက် မိမိတို့အားလုံးသည် နိုင်ငံတကာဆက်ဆံရေး ခိုင်မာအားကောင်းလာစေရန် မဖြစ်မနေ ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။

**ဆောင်ရွက်နိုင်ကြမည်**

တစ်နည်းအားဖြင့် ကမ္ဘာ့မျက်နှာစာအသီးသီးတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ ပြည်သူတစ်ဦးနှင့် တစ်ဦးပူးပေါင်းဆောင်ရွက်နိုင်မှသာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါကြောင်း။



အားလုံးသိကြသည့်အတိုင်း ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံး စဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မိမိတို့မြန်မာနိုင်ငံသည် များစွာသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော်လည်း ကုလသမဂ္ဂအပါအဝင် ဒေသတွင်းအဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာချိန်မှစပြီး ယနေ့အချိန်အထိ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးကို နိုင်ငံခြားရေးမူဝါဒ၏ အုတ်မြစ်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ကုလသမဂ္ဂကြီးကို ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းမှု၊ သဟဇာတဖြစ်မှုနှင့် တရားမျှတမှုရှိပြီး သာယာဝပြောသည့် ကမ္ဘာ့အသိုက်အဝန်းကြီး ဖြစ်ပေါ်လာရေးအတွက် ကူညီပံ့ပိုးပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်လျက်ရှိသည်ကို ပြောကြားလိုပါကြောင်း။

သို့သော် အင်အားကြီးကမ္ဘာ့နိုင်ငံအချို့သည် နိုင်ငံငယ်များအပေါ် တစ်ဖက်သတ်ဝါဒစွဲဖြင့် မတူညီသည့် နိုင်ငံရေးစနစ်ဖြင့် အတွေးအခေါ်များအပေါ် လွှမ်းမိုးထိန်းချုပ်နိုင်ရန် နည်းလမ်းမျိုးစုံနှင့် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း အားလုံးက သတိပြုကြရန်လိုအပ်ပါကြောင်း၊ အဆိုးဆုံးမှာဒီမိုကရေစီနှင့် လူ့အခွင့် အရေးကို အကြောင်းပြ၍ အချုပ်အခြာအာဏာပိုင် နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြယ်လှယ်လိုမှုများကို စိတ်မကောင်းဖွယ် တွေ့မြင်နေရပါကြောင်း။

**လေးစားလိုက်နာဆောင်ရွက်**

ယခုကဲ့သို့သော အခြေအနေတွင် နိုင်ငံများအနေဖြင့် အချုပ်အခြာအာဏာကို အပြန်အလှန်လေးစားမှု၊ နားလည်ယုံကြည်မှုနှင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်မစွက်ဖက်ရေးတို့ကို လေးစားလိုက်နာဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့နိုင်ငံအနေဖြင့် တစ်ဖက်က နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အာဆီယံ၏ သဘောထားရပ်တည်ချက်များအတိုင်း ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အပြည့်အဝ ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။

**ပထဝီနိုင်ငံရေးအရ အရေးပါ**

မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှဒေသ၏ အချက်အချာနေရာတွင် တည်ရှိနေသည့်အတွက် ပထဝီနိုင်ငံရေးအရ အရေးပါသည့်နိုင်ငံဖြစ်ပါကြောင်း၊ မြောက်ပိုင်းဒေသတွင် နှင်းဖုံးသည့်တောင်တန်းကြီးများ၊ အလယ်ပိုင်းတွင် ထွန်ယက်စိုက်ပျိုးနိုင်သည့် မြေပြန့်လွင်ပြင်များနှင့် တောင်ဘက်ပိုင်းတွင် ပင်လယ်ပြင်နှင့် ကျွန်းစုများရှိသည့်အတွက် ရေမြေရာသီဥတု လွန်စွာသာယာလှပသကဲ့သို့စားရေရိက္ခာနှင့် သဘာဝတွင်းထွက်ပစ္စည်းများ ထွက်ရှိသည့်အတွက် သဘာဝကဖန်တီးပေးထားသည့် တန်ဖိုးမဖြတ်နိုင်သော နိုင်ငံတော်ကြီးဖြစ်ပါကြောင်း။

ယခုကဲ့သို့တန်ဖိုးရှိသည့် ရေမြေရာသီဥတုနှင့် သဘာဝတရားများကို အကျိုးရှိစွာ အသုံးချပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူနိုင်ငံသားများ လူမှုစီးပွား

စာမျက်နှာ ၅ သို့ ❋

✻ စာမျက်နှာ ၄ မှ

ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူတို့၏ အကျိုးကို ရှေးရှုပြီး **“ရှေ့သို့ချီမည့် ပန်းတိုင်ဆီ”**ဟူသည့် ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သည့် နိုင်ငံတော်နှင့် လူမှုစီးပွားဘဝကို တည်ဆောက်လျက်ရှိပါကြောင်း။

**အားပေးဆောင်ရွက်သွားမည်**

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံး အကျိုးကို ရှေးရှုပြီး လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမှပေးထားသည့် အခွင့်အလမ်းကောင်းများစွာ ရှိပြီးသားဖြစ်သည့်အတွက် ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် အားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်သည့်အခါတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပညာသင်ကြားရေးလုပ်ငန်းများကို အဓိကထား ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များအဖြစ် နှစ်နိုင်ငံ ကူးလူးဆက်ဆံရေး၊ ကူးသန်းရောင်းဝယ်ရေးကိစ္စများ၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍများ၊ ယဉ်ကျေးမှုနှင့် အားကစားဆိုင်ရာကဏ္ဍများအပြင် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည့် အတွက် မိမိတို့ကျရာကဏ္ဍမှ အတူတကွပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။




(၇၅) နှစ်မြောက် မြန်မာ-ရုရှား သံတမန် ဆက်သွယ်ထူထောင်မှု အထိမ်းအမှတ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ပြန်လည်သုံးသပ်ဆွေးနွေးစဉ်။

မိမိအနေဖြင့် ရုရှားနိုင်ငံခရီးစဉ်များတွင် မြန်မာနိုင်ငံတွင် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပေးကြရန် ဖိတ်ခေါ်ခဲ့ခြင်းကြောင့် အခုအချိန်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကိုတွေ့ရပြီး မကြာခင် ယခုထက်ပိုမိုတိုးမြှင့် ဆောင်ရွက်လာနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏အကျိုးကို လိုလားသည့် မည်သည့်နိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိသည်ကိုလည်း အသိပေးပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီး ကာလကတည်းက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို အစဉ်တစိုက် လက်ခံကျင့်သုံး ဆောင်ရွက်နေသကဲ့သို့ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပါကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက် ဆက်ဆံရေးကို ရှေးရှုဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ အစိုးရသက်တမ်းကာလတွင် အမျိုးမျိုးသော ဖိအားများ၊ ဝေဖန်မှုများ၊ ပြစ်တင်မှုများကြားက မြန်မာနိုင်ငံ၏ ပကတိအခြေအနေများအပေါ် နားလည်သဘောပေါက်ပြီး ပူးပေါင်းကူညီဆောင်ရွက်ပေးသည့် ရုရှားနိုင်ငံအပါအဝင်နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများနှင့် လူပုဂ္ဂိုလ်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း။

**တက်ကြွစွာပါဝင်ဆွေးနွေး**

ယနေ့ဖိုရမ်တွင် ဆွေးနွေးကြမည့်အကြောင်းအရာများ၊ ဆွေးနွေးမည့် ပုဂ္ဂိုလ်များသည် ရုရှား-မြန်မာချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ အတွေးအမြင်များ၊ နည်းလမ်းများ ရှာဖွေဆွေးနွေးကြမည်ဖြစ်သဖြင့် အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် တက်ရောက်လာသူအားလုံးက တက်ကြွစွာ ပါဝင် ဆွေးနွေးပေးကြပါရန် တိုက်တွန်း ပြောကြားလိုပါကြောင်း၊ **သမိုင်းကြောင်းအရ နှစ်ပေါင်းများစွာ ဖြစ်တည်ရှည်ကြာခဲ့သည့် ရုရှား-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်ကြာတည်တံ့ပါစေ၊ ရုရှား-မြန်မာ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ပါစေ၊ ရုရှား - မြန်မာ နှစ်ပြည်ထောင် တိုးတက်ဖွံ့ဖြိုးပါစေ**ဟု ဆုတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက ပြောကြားရာတွင် ယနေ့ မိမိတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား (၇၅)နှစ်မြောက် သံတမန်ဆက်သွယ် ထူထောင်မှုအထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် အခမ်းအနားတွင် အမှာစကားပြောကြားခွင့်ရသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ ခေတ်အဆက်ဆက် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို တွေ့မြင်ရသည့်အတွက်လည်း ဝမ်းမြောက်ပီတိဖြစ်မိပါကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးနယ်ပယ်နှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ တို့တွင်လည်း ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နျူကလီးယား စွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုခြင်းဆိုင်ရာများတွင်လည်း ပူးပေါင်းဆောင်ရွက်ရေးလမ်းစကို အစပျိုးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မိမိတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အနေဖြင့် အစဉ်အမြဲ လိုလားပါကြောင်းနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များ၏ Rossiya Vperod ရုရှားတေးသီချင်းဖြင့် သီဆိုဖျော်ဖြေ တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံအမတ်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

**ဆွေးနွေး**

ယင်းနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြရာ **“မြန်မာ-ရုရှား ဆက်ဆံရေး မျက်မှောက်နှင့် အနာဂတ်ခရီး”** ခေါင်းစဉ်ကို သဘာပတိ ဦးကိုကို ဦးဆောင်၍ ဦးခင်မောင်ဇော်၊ ဒေါက်တာနိုင်ဆွေဦးနှင့် ဦးကျော်လင်းဦးတို့က ဆွေးနွေးကြပြီး အမေးအဖြေကဏ္ဍများ ပြုလုပ်ကြသည်။ မွန်းလွဲပိုင်းတွင် **“မြန်မာ-ရုရှား ဆက်ဆံရေးနှင့် မြန်မာ့လူမှုစီးပွား အပေါ် အကျိုးဖြစ်ထွန်းမှုများ”** ခေါင်းစဉ်ကို သဘာပတိ ဦးကိုကို ဦးဆောင်၍ ဒေါက်တာနန္ဒာမွန်း၊ ဒေါက်တာမောင်သင်းနှင့် ဦးရဲမင်းအောင်တို့က ဆွေးနွေးကြပြီး အမေးအဖြေကဏ္ဍများ ပြုလုပ်ကြသည်။

ထို့နောက် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းကို ဆောင်ရွက်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်းနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီ တေးဂီတအဖွဲ့မှတေးသံရှင်များက Nadejda သီချင်းဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ ပုသိမ်၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆)ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၃၁ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက အသိပေးကြေညာထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊
  ဖုန်း- ၀၂- ၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှောင်မြို့၊
  ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

(၇၅) နှစ်မြောက် မြန်မာ - ရုရှား သံတမန်ဆက်ဆံရေး အထိမ်းအမှတ်ဆောင်းပါး

# ရုရှား - မြန်မာ (၇၅) နှစ်တာ စိန်ရတုခရီးလမ်းမှသည်...

**နွေကံ့ကော်(မြို့လှ)**

သူတို့အခေါ် ရပ်ဆီးယား ကျွန်တော်တို့အခေါ် ရုရှား။

သူတို့အခေါ် မော့စ်ကဗား ကျွန်တော်တို့အခေါ် မော်စကို။

ဘဝရဲ့အမှတ်တရအရှိဆုံးထဲက အမှတ်တရတစ်ခုကို ရွေးထုတ်ပြပါဆိုလျှင် ရုရှားနိုင်ငံ၌ ပညာသင်ခဲ့ဖူးသည့် အချိန်ကာလကို ညွှန်ပြရမည်ဖြစ်သည်။ ၂၀၀၉ ခုနှစ် စက်တင်ဘာလမှ ၂၀၁၂ ခုနှစ် ဇူလိုင်လဆန်းပိုင်းအထိ ရုရှားနိုင်ငံ မော်စကိုမြို့တွင်ရှိသော မော်စကို မီးရထားတက္ကသိုလ်၌ ကျွန်တော်အပါအဝင် အခြားသင်တန်းသားများ တက်ရောက်ခဲ့ကြသည်။ ယနေ့ဆိုလျှင် ရုရှားမှ ပြန်လာခဲ့သည်မှာ ၁၁ နှစ်ကျော်ခဲ့ပြီဖြစ်၏။ ပြန်တွေးကြည့်လျှင် အိပ်မက်တစ်ခုနှယ်ပင် ရှိနေသေး၏။

ကျွန်တော်နှင့် ရုရှားနိုင်ငံ၏ ဆုံစည်းမှုသည် သက်တမ်းအားဖြင့် သုံးနှစ်ခန့်သာ ရှိခဲ့သော်လည်း နှလုံးသားတွင် ထာဝရ ရင်းနှီးနေသလို ခံစားရသည်။ မကြာမီတွင် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ သံတမန်ဆက်ဆံမှုသက်တမ်း (၇၅) နှစ် ပြည့်မြောက်တော့မည်ဖြစ်သည်။ တိတိကျကျ ဆိုရပါလျှင် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစတင်၍ သံတမန်ဆက်ဆံမှုပြုခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ရက်မြတ်အခါသမယ စိန်ရတုသို့ ရောက်ရှိလာခြင်းဖြစ်သည်။



ရုရှားနိုင်ငံ မော်စကိုမြို့ရှိ မော်စကိုမီးရထားတက္ကသိုလ်။

## ရုရှားနိုင်ငံကို စတင်သတိပြု

တပ်မတော်သားဘဝမရောက်ခင် ရုရှားဟူသော အမည်နာမတစ်ခုကို ကိုးတန်းကျောင်းသားဘဝကတည်းက ကြားဖူးခဲ့သည်။ ကမ္ဘာကျော် တင်းနစ်ဘုရင်မ မာရီယာရှာရာပိုဗာ ဟူသော အလှကေရီကို အားကစားစိတ်ဝင်စားသူတိုင်း မသိသူမရှိကြပေ။ မြင့်မားသောအရပ်၊ တောင့်တင်းသောခန္ဓာ၊ လှပကြော့ရှင်းသောမျက်နှာနှင့် ကျွမ်းကျင်သောတင်းနစ်စွမ်းရည်များကြောင့် ပုရိသတို့ အသည်းစွဲအားကစားမယ်မှတစ်ဆင့် ရုရှားနိုင်ငံကို စတင်သတိပြုမိခဲ့သည်။ ရုရှားမတိုင်ခင် ပထမဆုံး အမျိုးသမီးအာကာသမယ်ကိုတော့ ဆိုဗီယက်ယူနီယံအမည်ဖြင့် ကြားဖူးခဲ့သော်လည်း ငယ်ရွယ်သေးသော ကာလမို့ ဆိုဗီယက်အသုံးအနှုန်းကို နားထဲသိပ်မစွဲခဲ့ပါ။

ထို့နောက်ပိုင်း စစ်တက္ကသိုလ်ဗိုလ်လောင်းဘဝရောက်ချိန်တွင် ရုရှားနှင့် ပိုမိုနီးကပ်လာသည်။ ယူရိုခြေစစ်ပွဲများတွင် နာမည်ကြီးအင်္ဂလန်ကို ဖြုတ်ချခဲ့သော ရုရှားဘောလုံးအသင်းကို စတင်စိတ်ဝင်စားလာမိသည်။ တစ်ဦးကောင်းဆိုသည်ထက် အသင်းလိုက်စုစည်းမှုကောင်းကောင်းဖြင့် နာမည်ကြီးအသင်းများကို ယှဉ်ကစားနိုင်သော ရုရှားအသင်းကို သဘောကျမိသလို ရုရှားဂျာစီသည်လည်း ပရိသတ်များကြားထဲ အသိအမှတ်ပြုခြင်း ခံလာရသည်။ ထို့အပြင် ကျွန်တော်တို့ကို စာပေသင်ကြားပေးသော နည်းပြအရာရှိများထဲတွင် အချို့မှာ ရုရှားနိုင်ငံမှ ပညာတော်သင်ပြန်လာခဲ့ကြသူများ ဖြစ်သည်။ အဆိုပါနည်းပြအရာရှိများကိုကြည့်ကာ ကျွန်တော်အပါအဝင် ဗိုလ်လောင်းများ အားကျမိခဲ့သည်။

အားကျစိတ်ဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ စာပေ၊ လေ့ကျင့်ရေးပိုင်းဆိုင်ရာများ ပိုမိုကောင်းမွန်အောင် ကြိုးစားခဲ့ကြသည်။ စာပေပိုင်းအထူးချွန်ကြီး မဟုတ်သော်လည်း ကဏ္ဍများအလိုက် ရမှတ်များကောင်းခဲ့သည်မို့ မဟာသိပ္ပံတန်းဝင်ရာမှတစ်ဆင့် ကျွန်တော် ရုရှားနိုင်ငံသို့ ခြေချခွင့်ရခဲ့သည်။ ပြင်ဦးလွင်တွင် ရုရှားဘာသာစကားသင်တန်းအကြို တက်ချိန်မှစ၍ စာသင်ပေးသော ဆရာမများကို ကြည့်ခြင်းအားဖြင့် သူတို့၏ စည်းစနစ်ရှိမှုကို မျက်ဝါးထင်ထင်မြင်ခဲ့ရသည်။

## မမေ့နိုင်ဖွယ်ဖြစ်ရပ်များကို ကြုံခဲ့ရ

လေဆိပ်မှ မြို့ထဲနေရမည့်အဆောင်သို့ ချီတက်**စဉ်မှာပဲ သန့်ရှင်းသပ်ရပ်သည့် မြို့ပြအင်္ဂါရပ်၊ စည်းစနစ်ကျသည့် ယာဉ်သွားယာဉ်လာမှုနှင့် ပြည်သူတို့၏ လှုပ်ရှားမှုများကို မြင်တွေ့လိုက်ရသည်။ သုံးနှစ်တာကာလအတွင်း ပညာသင်ကြားခဲ့စဉ် မမေ့နိုင်ဖွယ်ဖြစ်ရပ်များကို ကြုံခဲ့ရသလို အားကျအတုယူစရာများလည်း ရရှိခဲ့သည်။ ကျွန်တော်တို့ အတန်းပိုင်ဆရာမ အားလ်မာဆီမှ အမှိုက်စည်းစနစ်တကျပစ်သည့် အလေ့အကျင့်ကောင်းများ ရရှိခဲ့သလို အေဗရာမိုဗစ်ချ်ဟူသော ဆရာ့ဆီမှ အချိန်လေးစားတိကျလိုက်နာမှု၊ ထူးချွန်ကျောင်းသားကို အသိအမှတ်ပြုချီးကျူးမှု၊ ဆရာမ နာဂျဲ့ချ်သာဆီမှ အမှန်ကို အမှန်အတိုင်း ဒီမိုကရေစီနည်းကျကျ ပြောဆိုတင်ပြရဲမှု စသည့်အတွေ့အကြုံများကို ဆရာများဆီမှ ရရှိခဲ့သည်။**

ဘတ်စ်ကားစီးရာတွင်ဖြစ်စေ၊ မြေအောက်ရထားစီးရာတွင်ဖြစ်စေ စာအုပ်လေးများ လက်ဝယ်ကိုင်လျက် အချိန်ကိုအသုံးချကြသော ခရီးသွားပြည်သူများကလည်း ကျွန်တော့်အတွက် အထူးအဆန်း ဖြစ်နေခဲ့သည်။ ကုန်တိုက်ကြီးများတွင် အရက်ဝယ်သည့်အခါ ပတ်စ်ပို့ကြည့်ပြီး အသက် ၁၈ နှစ်ပြည့်ပြီလားဟု အရင်မေးတတ်ကြသည်။ ည ၁၀ နာရီ နောက်ပိုင်း အရက်ဘီယာ ဝယ်၍မရတော့။ ကျောင်းတွင်ဖြစ်စေ၊ အဆောင်တွင်ဖြစ်စေ ဆေးလိပ်သောက်ခွင့်ပြုထားသော်လည်း နေရာများ သတ်မှတ်ပေးထား၏။ ကျောင်းသားများကလည်း စည်းကမ်းကို တိကျစွာ လိုက်နာကြသည်။ လမ်းပေါ်**တွင် ပြီးစလွယ် အမှိုက်မစွန့်၊ တံတွေးတစ်ချက်ပင် အလွယ်တကူ မထွေး။ ကျွန်တော်တို့အဖို့တော့ အားလုံးသည် အစိမ်းသက်သက်သဖွယ် ဖြစ်နေသည်။ မမြင်ဖူးသော အလေ့အထများပင် မဟုတ်ပါလား။**

လူတစ်ဦးချင်းဆီမှစ၍ အားလုံးသည် တူညီသော အမျိုးသားရေးအသိဖြင့် ဒီမိုကရေစီကို လိုက်နာကျင့်သုံးနေကြသည်မို့ ကျွန်တော့်အနေဖြင့် များစွာလေးစားမိသည်။ အတုယူလိုစိတ်များလည်း ဖြစ်ပေါ်လာခဲ့သည်။ ရုရှားနှင့် မြန်မာတို့၏ နှစ်နိုင်ငံဆက်ဆံရေးသည် ဂေါတမမြတ်စွာဘုရားလက်ထက်ကပင် ဗျာဒိတ်တော်ရှိခဲ့သည်ဟု မှတ်သားရသည်။ ကျွန်တော့်အနေဖြင့် ရုရှားနိုင်ငံသို့ ပညာတော်သင်ရောက်ခဲ့သော်လည်း ထိုစဉ်က ရုရှားနှင့် မြန်မာနိုင်ငံတို့၏ ရေးအစဉ်အဆက်ရှိခဲ့ဖူးသော ဆက်ဆံရေးကို ကောင်းစွာမသိရှိခဲ့ပါ။ ၃-၂-၂၀၂၃ ရက်နေ့နှင့် ၄-၂-၂၀၂၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဆောင်းပါးရှင် မောင်လွင်မြင့်၏ **“မြန်မာ့ပဒေသရာဇ် ခေတ်နှောင်းကာလ နယ်ချဲ့ကိုလိုနီစနစ်အား တွန်းလှန်ရန် ရုရှားနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေး တည်ထောင်ရန် ကြိုးပမ်းခဲ့မှုများ”** ဆောင်းပါးကို ဖတ်ရှုခွင့်ရမှ ဇာတ်ရည်လည်စွာသိခွင့်ရခဲ့ခြင်းဖြစ်၏။

တန်ဖိုးများစွာရှိသော သမိုင်းမှတ်တမ်းတစ်ခုပင်ဖြစ်သည်။ ၂၀ ရာစု အလယ်ကာလ လွတ်လပ်ရေးရပြီး မကြာမီမှာပင် တရားဝင်သံတမန်ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့ခြင်းအားဖြင့် နှစ်နိုင်ငံ ရွှေလမ်းငွေလမ်းကို ထိုခေတ်အခါ ခေါင်းဆောင်များက အမြော်အမြင်ကြီးစွာ ဖောက်ခဲ့ကြခြင်းဖြစ်ပေသည်။ ကျွန်တော်တို့ မြန်မာကျောင်းသားများအား အခြားနိုင်ငံမှ ကျောင်းသားများထက်ပို၍ ရုရှားဆရာများက ချစ်ခင်ကြသည်ကိုသတိထားမိ၏။

စာမျက်နှာ ၇ သို့ ❖

“လေဆိပ်မှ မြို့ထဲနေရမည့်အဆောင်သို့ ချီတက်စဉ်မှာပဲ သန့်ရှင်းသပ်ရပ်သည့် မြို့ပြအင်္ဂါရပ်၊ စည်းစနစ်ကျသည့် ယာဉ်သွားယာဉ်လာမှုနှင့် ပြည်သူတို့၏လှုပ်ရှားမှုများကို မြင်တွေ့လိုက်ရသည်။ သုံးနှစ်တာကာလအတွင်း ပညာသင်ကြားခဲ့စဉ် မမေ့နိုင်ဖွယ်ဖြစ်ရပ်များကို ကြုံခဲ့ရသလို အားကျအတုယူစရာများလည်း ရရှိခဲ့သည်။ ကျွန်တော်တို့အတန်းပိုင်ဆရာမ အားလ်မာဆီမှ အမှိုက်စည်းစနစ်တကျပစ်သည့် အလေ့အကျင့်ကောင်းများရရှိခဲ့သလို အေဗရာမိုဗစ်ချ်ဟူသော ဆရာ့ဆီမှ အချိန်လေးစားတိကျလိုက်နာမှု၊ ထူးချွန်ကျောင်းသားကို အသိအမှတ်ပြုချီးကျူးမှု၊ ဆရာမ နာဂျဲ့ချ်သာဆီမှ အမှန်ကို အမှန်အတိုင်း ဒီမိုကရေစီနည်းကျကျ ပြောဆိုတင်ပြရဲမှု စသည့်အတွေ့အကြုံများကို ဆရာများဆီမှရရှိခဲ့”

❖ စာမျက်နှာ ၆ မှ

အဘယ်ကြောင့်ချစ်ရပါသနည်းဆိုလျှင် မြန်မာကျောင်းသားများသည် မြန်မာ့ယဉ်ကျေးမှုကျင့်ဝတ်များအတိုင်း ဆရာများကို ဆက်ဆံသောကြောင့်ဖြစ်သည်။ ရုရှားနိုင်ငံကို ရောက်ချိန်မှစ၍ ရုရှားဘောလုံးအသင်းကို ပိုမိုအားပေးဖြစ်ခဲ့သည်။ အကျိုးဆက်အားဖြင့် ယနေ့အချိန်အထိ ကိုယ့်မြန်မာဘောလုံးအသင်းပြီးလျှင် အခြားသောနိုင်ငံတကာပွဲများ၌ ရုရှားအသင်းဘက်မှ အမာခံပရိသတ်တစ်ဦးသဖွယ်အားပေးဖြစ်ခဲ့သည်။ ထိုစဉ်က ရုရှားနိုင်ငံ၏ အသင်းခေါင်းဆောင် အာရှာဗင်သည် ကျွန်တော်တို့ အကြိုက်ဆုံး အားကစားသမားဖြစ်ခဲ့သည်။

## ပြာပုံကြားမှ နိုင်ငံအား ဘက်စုံတိုးတက်မှုများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့

**ရုရှားနိုင်ငံတွင်ရှိနေစဉ် ဆရာများ၏ ရှင်းပြမှုဖြင့် သူတို့ဆီမှ သမိုင်းကြောင်းများကို သိခွင့်ရခဲ့သည်။ ဒုတိယကမ္ဘာစစ်ဒဏ်ကြားမှ ရုန်းထွက်ပြီးနောက် အစိုးရအဆက်ဆက် ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူများ၏ စုစည်းညီညွတ်မှု စွမ်းအားတို့ဖြင့် ပြာပုံကြားမှ နိုင်ငံအား ဘက်စုံတိုးတက်မှုများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်မှာ လေးစားဖွယ်ရာပင် ဖြစ်သည်။ ပို၍လေးစားဂုဏ်ယူဖွယ်ကောင်းသည်ကား ဒုတိယကမ္ဘာစစ်အပြီး ၁၆ နှစ်အကြာမှာပဲ အာကာသအထိ ခြေလှမ်းဆန့်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ သူတို့နိုင်ငံ၏ ပညာရေးစနစ်၊ အတိတ်ကာလမှ ဇာဘုရင်စနစ်၊ သူရဲကောင်းလီနင်၊ ရင်ပြင်နီ၊ သန့်ရှင်းသပ်ရပ်သော မြို့ပြလူနေမှုစနစ်၊ စိမ်းလန်းစိုပြည်သော မြို့တွင်းပန်းခြံငယ်များမှသည် နိုင်ငံပိုင်အမျိုးသားအားကစားကွင်းဖြစ်သည့် လုဇနီကီဘောလုံးကွင်း စသည်တို့သည် ကျွန်တော့်အာရုံတွင် အမြဲကိန်းအောင်းနေခဲ့သည်။**

ထိုအရာများ စုဝေးလာသည့် ကျွန်တော့်နှလုံးသားတွင် စာတစ်ပုဒ်အဖြစ် ဖန်တီးချင်လာခဲ့၏။ ဤသို့ဖြင့် ရုရှား-မြန်မာ သွေးစည်းမှုဟု ဆိုနိုင်သလို ရုရှားနိုင်ငံကြုံတွေ့ခဲ့ရသော သမိုင်းတစ်ကွေ့မှ ဖြစ်စဉ်များကို သင်ခန်းစာယူလျက် အမိမြန်မာနိုင်ငံတော်မှ တိုင်းရင်းသားပြည်သူအပေါင်းတို့ အတုယူလိုသောစိတ်ဖြင့် ဝတ္ထုရှည်တစ်ပုဒ်ဖန်တီးဖြစ်ခဲ့သည်။

"မော်စကိုမှာ ဝေတဲ့နှင်း" ဟူသည့် ထိုဝတ္ထုရှည်စာမူသည် ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုတွင် ပထမဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ကျွန်တော့်ဘဝအတွက် အမှတ်တရတစ်ခုပင် ဖြစ်ခဲ့သည်။ မိမိတို့ မြန်မာနိုင်ငံသည်သာ နယ်ချဲ့ကျူးကျော်မှုအောက်တွင် ခါးခါးသီးသီး ဆိုးဆိုးရွားရွားနေခဲ့ရခြင်းမဟုတ်ဘဲ နိုင်ငံတိုင်းတွင် အတိတ်ဆိုးကာလများ ရှိခဲ့ဖူးသည်။ ထိုအတိတ်ဆိုးများမှ ရုန်းထွက်လျက် ခေတ်သစ်နိုင်ငံတော်ကို ထူထောင်စေလိုခြင်းမှာ ကျွန်တော့်ရင်ထဲက ဆန္ဒမှန်ပင်ဖြစ်သည်။ ၂၀ ရာစုကုန်ခါနီးမှာပဲ အင်အားတောင့်တင်းခိုင်မာခဲ့သည့် ဆိုဗီယက်ယူနီယံကြီး ပြိုကွဲခဲ့ရသည်။ အကြောင်းရင်းမှာ နယ်ချဲ့သွေးထိုးလှုံ့ဆော်မှုကြောင့်ပင်ဖြစ်၏။ ထိုနယ်ချဲ့ဆိုသူကား အခြားမဟုတ်။ အပျက်တကာ့ထွတ်ခေါင် ပျက်မင်းနောင်ဟုပင် တင်စားရမည့် အမေရိကန်ပင်ဖြစ်ချေသည်။

" ငါက အမေရိကန်ကို မုန်းတယ်၊ နေရာတကာပါတဲ့ နိုင်ငံလေ "ဟု ကျွန်တော်တို့ဆရာမ အားလ်မာက ထိုသို့ပြောခဲ့ဖူးသည်။ အမေရိကန်ပါလာလျှင် အားလုံးပျက်စီးဖို့သာ ဖြစ်စေခဲ့သည်။ ထိုသို့သော သမိုင်းဆိုးကြုံတွေ့ခဲ့ရသဖြင့် ယနေ့အချိန်တွင် ရုရှားနိုင်ငံသည် ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်းမွန်သည်ဟူသည့်အတိုင်း နိုင်ငံတော်လုံခြုံရေးနှင့် ယင်းတို့၏ အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်သင့်သည်မှန်သမျှကို ပြတ်ပြတ်သားသားဆောင်ရွက်နေသည်ကို တွေ့ရှိရပေသည်။

## အားကစားကဏ္ဍတွင် နည်းပြများ လာရောက်နည်းပြပေးခဲ့ကြ

တရားဝင်သံတမန်ဆက်ဆံမှု ထူထောင်ပြီးချိန်မှစ၍ နိုင်ငံအချင်းချင်း အပြန်အလှန်ယဉ်ကျေးမှု၊ ကုန်သွယ်မှုများပြုခဲ့ကြသလို အားကစားကဏ္ဍတွင်လည်း မြန်မာနိုင်ငံသို့ ဆိုဗီယက်ရုရှားဘောလုံး

> **တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်အကြီးအကဲ ဖြစ်လာချိန်မှစ၍ ရုရှား-မြန်မာဆက်ဆံရေး အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ပြီး နှစ်နိုင်ငံတိုးတက်ဖြစ်ထွန်းမှုအတွက် အထောက်အကူကောင်းများ ရရှိစေခဲ့သည်ကို တွေ့ရှိရသည်။ မြန်မာ့အရေးနှင့်ပတ်သက်၍ နိုင်ငံတကာစားပွဲဝိုင်းများ၊ စာမျက်နှာများထက် အမှန်တရားကို ရှေးရှုကာ မိတ်ဆွေကောင်းဟူသည့်ခံယူချက်ဖြင့် ရုရှားနိုင်ငံက မားမားမတ်မတ် ရပ်တည်ပေးခဲ့သလို ရုရှားအရေးနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံက ထိုသို့သာ ကျင့်သုံးခဲ့**

နည်းပြများ လာရောက်နည်းပြပေးခဲ့ကြလေသည်။ အောင်မြင်မှုများလည်း ရရှိခဲ့ကြ၏။ ခေတ်အဆက်ဆက်အစိုးရများအနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အတူ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို လိုက်နာကျင့်သုံးကာ ရပ်နီးရပ်ဝေး နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးများ ထူထောင်ခဲ့ကြသော်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အမြင်ရှိသည့် ခေါင်းဆောင်များလက်ထက်တွင် မဖြစ်မနေလိုအပ်သော ပြည်ပအတတ်ပညာများ ရရှိရေးအတွက် လူသားအရင်းအမြစ်များကို ရရှိအောင်ဆောင်ရွက်ခဲ့ကြသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်အကြီးအကဲ ဖြစ်လာချိန်မှစ၍ ရုရှား-မြန်မာဆက်ဆံရေး အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ပြီး နှစ်နိုင်ငံ တိုးတက်ဖြစ်ထွန်းမှုအတွက် အထောက်အကူကောင်းများ ရရှိစေခဲ့သည်ကို တွေ့ရှိရသည်။ မြန်မာ့အရေးနှင့်ပတ်သက်၍ နိုင်ငံတကာစားပွဲဝိုင်းများ၊ စာမျက်နှာများထက် အမှန်တရားကို ရှေးရှုကာ မိတ်ဆွေကောင်းဟူသည့် ခံယူချက်ဖြင့် ရုရှားနိုင်ငံက မားမားမတ်မတ်ရပ်တည်ပေးခဲ့သလို ရုရှားအရေးနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံက ထိုသို့သာ ကျင့်သုံးခဲ့သည်။**

အပြန်အလှန် မိတ်ဆွေကောင်းသဖွယ်၊ ဆွေမျိုးသားချင်းများပမာ ဆက်ဆံကြသော မြင်ကွင်းများကို မြင်တွေ့နေရသည့်အတွက် ဖတ်ခဲ့ဖူးသောလောကနီတိပါ မိတ်ဆွေကဏ္ဍကို သတိရမိသည်။ ရောဂါဝေဒနာကျရောက်စွဲကပ်သောအခါ၌ လည်းကောင်း၊ ငတ်မွတ်ခေါင်းပါး ဘေးဒုက္ခရောက်သောအခါ၌ လည်းကောင်း၊ ဥစ္စာစည်းစိမ်ဆုံးရှုံးပျက်စီးသောအခါ၌လည်းကောင်း၊ ရန်သူဖမ်းဆီးခြင်းခံရသောအခါ၌လည်းကောင်း၊ တရားရုံး၌ အမှုကို ရင်ဆိုင်ရသောအခါ၌လည်းကောင်း၊ နာရေးကိစ္စဈာပနနှင့်ကြုံရသောအခါ၌လည်းကောင်း အကြင်အပေါင်းအဖော်သည် မိမိနှင့်အတူရပ်တည်ပေ၏။ ထိုသူသည် အဆွေခင်ပွန်းကောင်းမည်၏ဟူ၍ လောကနီတိတွင်ဖော်ပြထားသည်ကို မှတ်သားရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကျန်းမာရေးဆိုင်ရာဆေးဝါးထောက်ပံ့ပေးမှုများ၊ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ နည်းပညာပိုင်းဆိုင်ရာ မျှဝေဆောင်ရွက်မှုများ၊ စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အတတ်ပညာနည်းပညာများအပြင် စစ်ဘက်ဆိုင်ရာ ပူးပေါင်းလေ့ကျင့်ခြင်းများသည် အမိနိုင်ငံတော်ကောင်းကျိုးအတွက် အပြုသဘောဆောင်သည့် အကျိုးရလဒ်များပင် ဖြစ်ပေသည်။

## မိတ်ဆွေရင်း သွေးသားရင်းများပမာ ချစ်ခင်စိတ်ကိုပြကြ

ရှေးမြန်မာမင်းများလက်ထက်မှစကာ ရုရှား-မြန်မာဆက်ဆံရေးသည် အမြဲထာဝစဉ် ချစ်ခင်လေးစားမှုကို ပြသခဲ့ကြောင်း တွေ့ရှိရ၏။ ပထဝီအနေအထားအားဖြင့် မိုင် ၄၀၀၀ ကျော် ကွာဝေးသော်ငြား တကယ့်မိတ်ဆွေရင်း သွေးသားရင်းများပမာ ချစ်ခင်စိတ်ကိုပြကြ၏။ ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်းဖြစ်ဖို့ရာ၌ အနေနီးခြင်း၊ အနေဝေးခြင်းများက ပဓာနမကျကြောင်း ရုရှား – မြန်မာ ဆက်ဆံရေးက သက်သေထူလျက်ရှိပေသည်။ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက်တွင်




**ခရီးသွားလာရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍများ အပါအဝင် အခြားသောကဏ္ဍစုံ၌ ပိုမိုအရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရသည်။ တစ်နည်းအားဖြင့် ရုရှားနှင့်မြန်မာနိုင်ငံတို့မှ တိုင်းပြည်အပေါ် အမှန်တကယ် ချစ်မြတ်နိုးသစ္စာရှိသောအကြီးအကဲများ၏ အမြော်အမြင်ကြီးသော ဆောင်ရွက်ချက်များပင် ဖြစ်ပေသည်။**

## မြတ်စွာဘုရားဗျာဒိတ်တော်မှတစ်ဆင့် အစပြုလာ

ဘဝတစ်ကွေ့တွင် ကံအကြောင်းသင့်စွာ နိုင်ငံတော်က တာဝန်ပေးအပ်ချက်အရ ရုရှားနိုင်ငံတွင် ပညာသင်ကြားခွင့်ရရှိခဲ့သူ တစ်ဦးအနေဖြင့် နိုင်ငံတော်အပေါ် ကျေးဇူးတင်မိသလို အဖိုးတန်ပညာများ၊ အခြားသော သိသင့်သိအပ်ဖွယ်ပညာများ၊ နိုင်ငံခြားအတွေ့အကြုံများကို ရရှိခဲ့သဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုလည်း ကျေးဇူးတင်မိပါသည်။ ဖြူစင်ရိုးသားသော သစ္စာတရားကို အခြေခံလျက် ကောင်းမွန်သော သံတမန်ဆက်ဆံရေးများရှိခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရမည်မှာ မလွဲဧကန်ပင်ဖြစ်ပေသည်။ ရုရှား-မြန်မာ သံတမန်ဆက်ဆံမှု (၇၅) နှစ်ပြည့်ချိန်တွင် အတိတ်ကာလ ပညာသင်ကြားခဲ့ရမှုများကို သတိရမိသကဲ့သို့ ရှင်မဟာရဋ္ဌသာရ၏ " သေတူရှင်ဖက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊ ညီညာကုန်း၍ ရုန်းကြလေ" ဟူသော လက်သစ်တောင်တာဆုံးမစာနှင့် "ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ" ဟူသော မိတ်ဆွေကျင့်ဝတ်တို့ကို နားထဲပြန်ကြားယောင်လာမိသည်။ မြတ်စွာဘုရားဗျာဒိတ်တော်မှတစ်ဆင့် အစပြုလာပြီး ရှေးမြန်မာမင်းများအစဉ်အဆက်မှ လက်ဆင့်ကမ်းခဲ့သည့် ရုရှား-မြန်မာ နှစ်ပြည်ထောင်သွေးစည်းချစ်ကြည်မှုသည် နောင်နှစ်ပေါင်းထောင်သောင်းများစွာတိုင် ထားရှိခဲ့ပြီးသော မိတ်ကောင်းဆွေမွန် ကျင့်ဝတ်များအတိုင်း ဆက်လက်လျှောက်လှမ်းနိုင်မည်ဟု ကျွန်တော့်အနေဖြင့် ခိုင်မာလေးနက်စွာ ယုံကြည်မိသည်။ ။

# ရွှေပြည်သာမြို့နယ်၌ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီက ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရွှေပြည်သာမြို့နယ် မီးသတ်ဦးစီးမှူး ဦးသွင်ယုနိုင်က မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ မီးအတန်းအစားများနှင့် မီးငြိမ်းသတ်နည်းများအား ရှင်းလင်းခြင်း စသည့် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရမည့် ဗဟုသုတများကို အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရွှေပြည်သာမြို့နယ် ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးနှင့် ဝန်ထမ်းများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်း ဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စီမံကော်မတီ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆိပ်ကြီးခနောင်တိုမြို့နယ် 33/11/6.6 KV,10 MVA ဦးထွန်းအိုဓာတ်အားခွဲရုံရှိ Pannal Box များနှင့် ဓာတ်အားဖြန့်ဖြူးပေးသည့် ဖီဒါများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်လျှပ်စစ်ဌာန တာဝန်ရှိသူများက လျှပ်စစ်မီးရရှိမှု၊ မြို့နယ်အတွင်း ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ တည်ဆောက်ထားရှိမှု၊ ဓာတ်အားခွဲရုံနှင့် ထရန်စဖော်မာများ ထိန်းသိမ်းစောင့်ရှောက်မှု၊ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် နေ့/ည လုံခြုံရေးအတွက် ဝန်ထမ်းများအား တာဝန်ပေးအပ်ထားရှိမှုတို့ကို မြို့နယ်တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အနာဂတ်မှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ဆတက်ထမ်းပိုး တိုးမြင့်သွားနိုင်လိမ့်မယ်လို့ ခိုင်ခိုင်မာမာယုံကြည်ပါတယ်

ဒေါက်တာနီကိုလိုင်း လစ်တိုပါဒွဲဗ်

တွေ့ဆုံမေးမြန်း
ဟိန်းဇင်နိုင်ဖြိုး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးတည်ထောင်ခဲ့သည်မှာ ယခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် နှစ်ပေါင်း ၇၅ နှစ်(စိန်ရတုကာလ)သို့ပင် ရောက်ရှိတော့မည်ဖြစ်သည်။ ထို့ကြောင့် ယနေ့တွင် (၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်သွယ် ထူထောင်မှုအထိမ်းအမှတ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပခဲ့ရာ အဆိုပါ အခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။



ပြည်ထောင်စုဝန်ကြီး
ဦးမောင်မောင်အုန်း



ဒေါက်တာနီကိုလိုင်း လစ်တိုပါဒွဲဗ်



ဦးရဲမင်းအောင်



ဒေါက်တာနိုင်ဆွေဦး

**ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**

မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ဟာ နှစ်နိုင်ငံ ဆက်ဆံရေးပိုမိုတိုးမြှင့်ရေးကို ဦးတည်တဲ့ ဖိုရမ်တစ်ခုဖြစ်တယ်။ နှစ်နိုင်ငံပူးပေါင်းဆက်ဆံရေး တိုးမြှင့်တယ်ဆိုတဲ့အခါမှာ ကဏ္ဍပေါင်းစုံ ပါဝင်တယ်။ အဲဒီထဲမှာ တပ်မတော်ဘက်က အခန်းကဏ္ဍရှိတယ်။ အရပ်သားတွေဘက်က အခန်းကဏ္ဍရှိတယ်။ တပ်မတော်ဘက်က အခန်းကဏ္ဍက တော်တော်လေးကို ထဲထဲဝင်ဝင် ကြီးကျယ်ခိုင်မာမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုက အရှိန်ရနေပြီ။ အရပ်ဘက်ဆက်ဆံရေးမှာတော့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကျောင်းသားကျောင်းသူတွေကလည်း ရုရှားနိုင်ငံနဲ့ စီးပွားရေးဆို ဘယ်လိုသွားမလဲ၊ ကျောင်းသားတွေဆိုရင်လည်း ပညာတော်သင်တွေကို ဘယ်လိုစီမံမလဲ။ သာမန်ပြည်သူတွေနဲ့ဆိုင်တဲ့ ဟိုတယ်ခရီးလုပ်ငန်းတွေအတွက် ရုရှားနိုင်ငံနဲ့ ဆက်စပ်ပြီးတော့ ဘယ်လိုသွားမလဲ ဆိုတာတွေကို နိုင်ငံတော်ဝန်ကြီးချုပ် အမြဲတမ်းပြောတဲ့ "ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ"ဆိုတာလိုမျိုး အနာဂတ်မှာ ရုရှားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အခွင့်အရေးကို အမိအရယူတဲ့အခါမှာ ပြည်သူလူထုကလည်း ပါဖို့လိုတယ်။ ဒါကြောင့်မို့ ပြည်သူလူထုကိုပါဝင်စေချင်တယ်။ နိုင်ငံတော်က သွားနေတဲ့ နိုင်ငံရေးအခင်းအကျင်းတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေကို ပြည်သူကို ချပြပြီးတော့ လာမယ့်အနာဂတ်မှာ ရုရှားနိုင်ငံနဲ့ သက်ဆိုင်ရာကဏ္ဍတွေမှာ ဘယ်လိုမျိုးပူးပေါင်းရင်အောင်မြင်မလဲ ဆိုတဲ့ အဖြေမဟုတ်သော်ငြားလည်း သွားရမယ့်လမ်းစကို ဒီနေ့ဖိုရမ်မှာ ဆွေးနွေးကြပါတယ်။ ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှုဟာ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူတွေအားလုံးအတွက် လုံခြုံစိတ်ချပြီး အနာဂတ်မှာ တိုးတက်မှုတွေ အနေနဲ့အမြန် တစ်ဆင့်ပြီး တစ်ဆင့် ရောက်လာမယ်လို့ ခံစားမိတယ်။ ဒါကြောင့် ဒီဖိုရမ်ကို အစအဆုံးတက်ပြီးလို့ရှိရင် အနာဂတ်မှာသွားမယ့် မြန်မာ-ရုရှားချစ်ကြည်ရေးကို ပြည်သူတွေပါအောင် ဘယ်လိုများစတင်လုပ်ကြမလဲဆိုတဲ့ဟာကို ဆွေးနွေးတဲ့ ပညာရှင်တွေရယ်၊ ပြည်ထောင်စုဝန်ကြီးတွေရယ်၊ ကျောင်းသား ကျောင်းသူတွေရယ်အားလုံးက အလွှာပေါင်းစုံက ဆွေးနွေးပြီးတော့ သွားမယ်ဆိုရင်တော့ လာမယ့်အနာဂတ်မှာ ကျွန်တော်တို့ မျှော်မှန်းတဲ့ တည်ငြိမ်မှု၊ လုံခြုံမှု၊ တိုးတက်မှုတွေ ရမယ်လို့ထင်တယ်။ ဒါကြောင့်မို့ ဒီဖိုရမ်ဟာ အရေးကြီးတဲ့ ဖိုရမ်တစ်ခုဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

**ဒေါက်တာနီကိုလိုင်း လစ်တိုပါဒွဲဗ် (ဒေါက်တာ လူဒင်)**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး**

ရုရှား-မြန်မာနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်တာဆိုရင် ဖေဖော်ဝါရီ ၁၈ ရက်နေ့မှာ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ဖြစ်ပါတယ်။ စိန်ရတုအထိမ်းအမှတ် အခမ်းအနားတွေကိုလည်း ကျင်းပလျက်ရှိပါတယ်။ ဒီနေ့ဆိုရင် ချစ်ကြည်ရေးနဲ့ ပူးပေါင်း ဆောင်ရွက်ရေးဖိုရမ်ကို ပြန်ကြားရေးဝန်ကြီးဌာနက ဦးစီးကျင်းပပေးတဲ့အတွက်လည်း ကျွန်တော့်အနေနဲ့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီနေ့ဖိုရမ်မှာ သမိုင်းဝင် နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးဆိုတဲ့ ဓာတ်ပုံတော်တော်များများ ပြသထားတာတွေ့ရပါတယ်။ ဒီဓာတ်ပုံတွေမှာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ခေတ်အဆက်ဆက်က နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ခဲ့တဲ့ ပုံရိပ်တွေပါဝင်နေတာကို တွေ့မြင်ရပါတယ်။ ရုရှား - မြန်မာနှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အားကစားနဲ့ ကာကွယ်ရေး နယ်ပယ်အသီးသီးမှာလည်း ပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်လျက်ရှိပါတယ်။ ယနေ့ခေတ်မှာ အဆင့်မြင့်တဲ့ နှစ်နိုင်ငံဆက်ဆံရေးတွေရှိပါတယ်။ နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦးက ပြီးခဲ့တဲ့နှစ် စက်တင်ဘာလမှာ ဗလာဒီဗော့စတော့မှာလည်း တွေ့ခဲ့ပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတပူတင်နဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ တွေ့ဆုံခဲ့တဲ့ ထိပ်သီးဆွေးနွေးပွဲကြောင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက် ကောင်းမွန်နေပါတယ်။

အထူးသဖြင့် ပညာရေးနယ်ပယ်မှာ ကျွန်တော်တို့အနေနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံက ကျောင်းသား ၇၀၀၀ ကျော် ရုရှားထိပ်တန်း စက်မှုနည်းပညာတက္ကသိုလ်တွေကနေ ဘွဲ့တွေရခဲ့ပါတယ်။ တချို့ ဒေါက်တာဘွဲ့တွေ၊ ပါမောက္ခဘွဲ့တွေ ရရှိခဲ့ပါတယ်။ ဒါကြောင့် ရုရှားအတွက်လည်း ဂုဏ်ယူဖွယ်ရာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံသမိုင်းကို ကြည့်မယ်ဆိုရင် နှစ်နိုင်ငံဆက်ဆံရေးဟာ အမြဲကောင်းမွန်လျက်ရှိပါတယ်။ ချစ်ကြည်ရင်းနှီးပါတယ်။ ဒါတွေကို အခြေခံပြီး **အနာဂတ်မှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ဆတက်ထမ်းပိုး တိုးမြင့်သွားနိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ခိုင်ခိုင်မာမာယုံကြည်ပါတယ်။** နှစ်နိုင်ငံဆက်ဆံရေး အလားအလာတွေလည်း အလွန်ကောင်းမွန်ပါတယ်။

**ဦးရဲမင်းအောင်**
**မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ**

မြန်မာနဲ့ရုရှားက သံတမန်ဆက်ဆံရေး ထူထောင်ထားတာ နှစ်ပေါင်း (၇၅) နှစ်ပြည့်သွားပါပြီ။ နှစ်ပေါင်း (၇၅) နှစ်တာကာလကို ပြန်ကြည့်ရင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအပါအဝင် နှစ်နိုင်ငံ တပ်မတော်အကြားမှာရော ပူးပေါင်း ဆောင်ရွက်မှုတွေရှိခဲ့ပါတယ်။ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု အပိုင်းမှာတော့ ပထဝီအနေအထားကြောင့် ကျန်တဲ့ကဏ္ဍတွေလောက် အားမကောင်းခဲ့ဘူး။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်မှာတော့ ၂၀၂၁ ခုနှစ်နောက်ပိုင်းကစပြီး ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်တဲ့အနေအထားတွေ ပိုပြီးပေါ်လွင်လာပါတယ်။

မြန်မာနိုင်ငံက စိုက်ပျိုးရေးနဲ့ မွေးမြူရေး နိုင်ငံဖြစ်တဲ့အတွက် လယ်ယာထွက်ကုန်တွေ ရုရှားနိုင်ငံကို ရောင်းလို့ရပါတယ်။ အဲဒီလိုပဲ ရုရှားနိုင်ငံကနေ နည်းပညာတွေ၊ စက်ပစ္စည်းကိရိယာတွေ၊ တန်ဖိုးမြှင့်ထုတ်လုပ်တဲ့လုပ်ငန်းစဉ်တွေ ပူးပေါင်းဆောင်ရွက်ခွင့်ရပါတယ်။ အထူးသဖြင့် လယ်ယာကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတွေမှာ နှစ်နိုင်ငံကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု အားကောင်းလာအောင် ကြိုးစားဆောင်ရွက်နေတဲ့ အနေအထားဖြစ်ပါတယ်။

ဒီလိုဖိုရမ်ပြုလုပ်ခြင်းအားဖြင့် မြန်မာနိုင်ငံဘက်က စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူတွေဟာ ရုရှားဈေးကွက်နဲ့ အလားအလာအခွင့်အလမ်းတွေ ပိုပြီးသိရှိလာနိုင်မယ်။ ရုရှားနိုင်ငံက လုပ်ငန်းရှင်တွေကလည်း အခုနောက်ပိုင်း မေးမြန်းဆက်သွယ်လာတာ တွေ့ရပါတယ်။ မေးမြန်းဆက်သွယ်မှုတွေကနေတစ်ဆင့် တစ်ဖက်နဲ့တစ်ဖက် ရင်းရင်းနှီးနှီးနဲ့ အမြင်ချင်းဖလှယ်နိုင်မယ်။ သတင်းအချက်အလက်နဲ့ ဈေးကွက်အခြေအနေတွေကို ဖလှယ်နိုင်မယ်။ ဒီလိုလုပ်ငန်းစဉ်တွေ ပိုပြီးအားကောင်းလာမယ်လို့ ယူဆပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံက MSME စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ထွက်ကုန်တွေ ရုရှားဈေးကွက်ကို ပိုမိုရောက်ရှိပြီး ရုရှားနိုင်ငံက တန်ဖိုးမြှင့်ထုတ်လုပ်တဲ့ ထုတ်ကုန်တွေ၊ နည်းပညာတွေကို ပိုမိုရောက်ရှိဖို့ ပေါင်းကူးတံတားသဖွယ် ဒီဖိုရမ်ကနေ ဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။ ဒီဖိုရမ်က နှစ်နိုင်ငံသံတမန် ဆက်ဆံရေး ထူထောင်မှုနဲ့ ဆက်စပ်တယ် ဆိုပေမယ့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍတွေမှာလည်း အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ဖြစ်မယ်လို့ ယူဆပါတယ်။

**ဒေါက်တာနိုင်ဆွေဦး**
**ဝါရင့်အကြံပေး၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့**

ဒီနေ့ကျင်းပတဲ့ ဖိုရမ်ကတော့ မြန်မာ-ရုရှား (၇၅)နှစ်မြောက် သံတမန်ဆက်သွယ်ထူထောင်မှု အထိမ်းအမှတ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ဖြစ်ပါတယ်။ ဒီဖိုရမ်မှာ မနက်ပိုင်း အစီအစဉ်ဖြစ်တဲ့ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖိုရမ် အပိုင်း(၁)မှာ ပါဝင်ဆွေးနွေးတာဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးတဲ့ အကြောင်းအရင်းကတော့ နှစ်နိုင်ငံ ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စတွေကို ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်စုကျော် သုံးစုနီးပါးနှစ်နိုင်ငံစစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်လာတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့လက်ထက်မှာ ပိုပြီးတော့ တိုးတက်လာတယ်ဆိုတဲ့ အကြောင်းဆွေးနွေးခဲ့တာ ရှိပါတယ်။ ရုရှားနိုင်ငံကို ကျွန်တော်ကိုယ်တိုင် ပညာတော်သင်သွားရောက်ခဲ့တဲ့ အခြေအနေတွေ ရုရှားတက္ကသိုလ်တွေကနေ မြန်မာ့တပ်မတော်အရာရှိတွေ၊ သိပ္ပံနှင့်နည်းပညာနဲ့ ပညာရေးဝန်ကြီးဌာနက ဆရာတွေအပါအဝင် ဘွဲ့ရရှိခဲ့သူပေါင်း ၇၀၀၀ ကျော် ရှိခဲ့ပြီဆိုတဲ့ အကြောင်းအရာတွေလည်း ပါပါတယ်။ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်နဲ့ ပတ်သက်ပြီး ထည့်သွင်းဆွေးနွေးခဲ့တဲ့ အပိုင်းလည်းရှိပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့တဲ့ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်အပြီး သိပ်မကြာခင်ဖြစ်တဲ့ ဖေဖော်ဝါရီ ၁၈ ရက်မှာ ရုရှားနိုင်ငံနဲ့ သံတမန်ဆက်ဆံရေး စတင်တည်ထောင်တာဖြစ်ပါတယ်။ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့တဲ့ (၇၅ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး အထူးသဖြင့် ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုမှာ ပိုမိုပြီး တိုးတက်လာတာတွေ့ရပါတယ်။ လက်ရှိ အခြေအနေမှာကတော့ ဒီကဏ္ဍတွေတင်မကဘဲ နျူကလီးယားဆိုင်ရာကိစ္စတွေ၊ လျှပ်စစ်ဆိုင်ရာကိစ္စတွေ၊ တခြားကဏ္ဍစုံတွေမှာလည်း ဖွံ့ဖြိုးတိုးတက်လာတာ တွေ့ရမှာ ဖြစ်ပါတယ်။ ဒီဖိုရမ်ကျင်းပခြင်းဟာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေမှာ ဖြစ်ပါတယ်။ နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်ရမယ့် အခွင့်အလမ်းတွေ မြင်လာမှာ ဖြစ်တယ်လို့ ကျွန်တော် ဒီလိုပဲယူဆပါတယ်။

ဒီလိုမျိုးပွဲတွေ ကျင်းပတာဟာ ကျွန်တော်တို့ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်စေရုံသာမကဘဲ ပြည်သူတွေအချင်းချင်းမှာလည်း နှစ်နိုင်ငံအပြန်အလှန်သဘောထားတွေ၊ ဆက်ဆံမှုတွေ၊ အထူးသဖြင့် ကုလသမဂ္ဂ စင်မြင့်ပေါ်မှာ ကျွန်တော်တို့နိုင်ငံကို ရုရှားနိုင်ငံအနေနဲ့ ကူညီဆောင်ရွက်ပေးခဲ့တာတွေ ပိုပြီးတော့ နားလည် သဘောပေါက်လာမယ်။ ဒ့ါပြင် နှစ်နိုင်ငံအပြန်အလှန်အခွင့်အလမ်းတွေဖြစ်တဲ့ စီးပွားရေး၊ ပညာရေး အပါအဝင် အခြားသော အခွင့်အလမ်းတွေ ဘာတွေရှိလာမလဲ ဆိုတာ တွေ့လာမှာဖြစ်ပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးဟာ ရေမြေ မိုင်ပေါင်း ၄၀၀၀ ကျော်ကွာဝေးတယ် ဆိုပေမယ့် မဟာဗျူဟာ မိတ်ဖက်အနေနဲ့ ဆက်ပြီးဆက်ဆံရေးတိုးတက် ခိုင်မာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ SMM ကုမ္ပဏီမှ အပြည်ပြည်ဆိုင်ရာစီမံကိန်း ဌာနအကြီးအကဲ Mr. Roman Siurin ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ SMM ကုမ္ပဏီမှ အပြည်ပြည်ဆိုင်ရာစီမံကိန်းဌာနအကြီးအကဲ Mr. Roman Siurin ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ဆိပ်ကမ်းများ၊ သယ်ယူပို့ဆောင်ရေးဂိတ်များ၊ သင်္ဘောကျင်းများနှင့် စက်မှုလုပ်ငန်းများတွင် ဝန်တင်/ချရာ၌ အသုံးပြုသည့် ပစ္စည်းကိရိယာများ၊ SMM ကုမ္ပဏီ၏ ထုတ်ကုန်များနှင့်ပတ်သက်၍ လည်းကောင်း၊ စက်မှုဝန်ကြီးဌာနရှိ အကြီးစားစက်မှုလုပ်ငန်း လေးခုတွင် ရုရှားနိုင်ငံမှ ကုမ္ပဏီများ လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Corporation “Rostec” ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Vladimir Kazadaev တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၌ လူငယ်စကားဝိုင်း ကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၁၆**




ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ) တို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီခန့်က အဆိုပါ တက္ကသိုလ်ခန်းမဆောင်၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

လူငယ်စကားဝိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက လူငယ်များတွင် အနာဂတ်စိတ်ကူးစိတ်သန်းများ၊ အိပ်မက်များ၊ မျှော်လင့်ချက်များ ကိုယ်စီရှိကြပြီး လက်တွေ့အကောင်အထည်ဖော်နိုင်ရန် စာအုပ်စာစောင်များဖတ်ရှုခြင်း၊ အတွေ့အကြုံရှိသူများကို မေးမြန်းခြင်းမှတစ်ဆင့် ရရှိနိုင်သကဲ့သို့ လူငယ်အချင်းချင်း တိုင်ပင်ဆွေးနွေးခြင်းမှလည်း ရရှိနိုင်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များကို တန်ဖိုးရှိသည့် လူသားအရင်းအမြစ်များအဖြစ် မျှော်မှန်းပြုစုပျိုးထောင်ပေးနေပြီး လူငယ်များ ကိုယ်တိုင်မှလည်း မိမိကိုယ်မိမိတန်ဖိုးရှိသည့် လူသားများဖြစ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ဒုတိယပါမောက္ခချုပ်ဒေါက်တာစိုးဟေမာက လူငယ်စကားဝိုင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ဘားအံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်စိုးစိုးအေးက Moderator အဖြစ် ဆောင်ရွက်ပြီး ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ပထမနှစ် ပထမနှစ်ဝက်ကျောင်းသူ နော်ဂရေစီက လူငယ်နှင့်အားကစား၊ ပထမနှစ် ဒုတိယနှစ်ဝက်ကျောင်းသူ မဖြိုးသဉ္ဇာစိုးက လူငယ်နှင့် စာပေပညာ၊ ပထမနှစ် ဒုတိယနှစ်ဝက်ကျောင်းသား စောထွန်းနိုင်ဦးက လူငယ်နှင့် လူမှုဆက်ဆံရေး၊ ပထမနှစ် ဒုတိယနှစ်ဝက် ကျောင်းသား မောင်မိုးဝေထွန်းက လူငယ်နှင့် အသက်မွေးဝမ်းကျောင်း၊ ပထမနှစ် ပထမနှစ်ဝက် ကျောင်းသူ မသင်းဆုကိုက လူငယ်နှင့် အိုင်တီနည်းပညာ ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာသော ကွန်ပျူတာတက္ကသိုလ်(ဘားအံ)မှ ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လူငယ်စကားဝိုင်းတွင် Mode-rator နှင့် ပါဝင်ဆွေးနွေးခဲ့ကြသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး ဘားအံတက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

# နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၆**



နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးမှာကြား**

အစည်းအဝေးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ပြည့်စုံမှန်ကန် ညီညွတ်စေရေးလုပ်ငန်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့်အတွက် မန္တလေးတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့အနေဖြင့် အထူးအလေးထားဆောင်ရွက်ရန်၊ မန္တလေးတိုင်းဒေသကြီးသည် လူနေထူထပ်ခြင်း၊ ဧရိယာကြီးမားကျယ်ပြန့်ခြင်းနှင့် လမ်းကွန်ရက် များပြားခြင်းတို့ကြောင့် ခရိုင်/မြို့နယ်အလိုက် ပူးပေါင်းအဖွဲ့များ စနစ်တကျဖွဲ့စည်း တာဝန်ပေးအပ်၍ ကျယ်ကျယ်ပြန့်ပြန့် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြရန်၊ စစ်ဆေးတွေ့ရှိချက်များအပေါ်အခြေခံ၍ လိုအပ်သည့်ပြုပြင်မွမ်းမံမှု အသစ်တိုးချဲ့ရေးဆွဲစိုက်ထူမှုများကို သတ်မှတ်ညွှန်ကြားချက်နှင့်အညီ ပြည့်စုံညီညွတ်မှန်ကန်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စိစစ်တွေ့ရှိချက်များ၊ Road Safety Audit အဖွဲ့၏ ကွင်းဆင်းဆောင်ရွက်မှု၊ စစ်ဆေးတွေ့ရှိမှု၊ တိုင်းဒေသကြီးအတွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ဆောင်ရွက်ထားရှိမှု၊ ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်လုပ်ငန်းများ၊ အသစ်တိုးချဲ့ရေးဆွဲစိုက်ထူပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် သုံးသပ်အကြံပြုချက်များကို ရှင်းလင်းတင်ပြကြပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ သုံးသပ်ဆွေးနွေးမှာကြားသည်။

အစည်းအဝေးအပြီးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့အတွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ရေးဆွဲစိုက်ထူဆောင်ရွက်ထားရှိမှုကို မြေပြင်ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ ကောင်းမွန်စွာ တည်တံ့ခိုင်မြဲတိုးတက်စေရေး ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ ကောင်စီအစည်းအဝေး (၁/၂၀၂၃) ကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များရှိ ဌာနအားလုံးတွင် ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှု သိသာထင်ရှားစွာတိုးတက်ရေးကို ဦးတည်သည့် ကောင်းမွန်သော သင်ကြားသင်ယူမှုဖြစ်စေရေး၊ လေ့ကျင့်ရေး သုတေသနနှင့် ဆန်းသစ်တီထွင်မှုများဖြစ်လာစေရေး အစရှိသည့် ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း။

ယခုအစည်းအဝေးတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့်(မန္တလေး) တို့မှ ပညာရေးအဖွဲ့များပြင်ဆင်ဖွဲ့စည်းခြင်း၊ ဂီတပညာဌာနနှင့် သဘင်ပညာဌာနတို့တွင် တိုင်းရင်းသားတို့၏ ရိုးရာဂီတနှင့် အကဘာသာရပ်များ ထည့်သွင်းသင်ကြားနိုင်ရန်နှင့် ထည့်သွင်းသင်ကြားမည့်သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများအား အတည်ပြုနိုင်ရေး၊ ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့နှင့်ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ အပ်နှင်းချီးမြှင့်နိုင်ရေး စသည့်အမှာစာများ တင်ပြထားသည်ဟု သိရှိရကြောင်း၊ တက္ကသိုလ်ကောင်စီဝင်များအနေဖြင့် ယင်းအမှာစာများနှင့်စပ်လျဉ်း၍ လိုအပ်သောအကြံပြုချက်များ၊ အကြံဉာဏ်ကောင်းများကို ဆွေးနွေးပေးစေလိုကြောင်း၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းဖော်ထုတ်၊ တိုးတက်ပြန့်ပွားရေးနှင့် မြန်မာ့သုခုမအနုပညာနယ်ပယ်တွင် ထူးချွန်သော အနုပညာရှင်များ ပေါ်ထွန်းစေရေး၊ ကိုယ်ကျင့်တရားကောင်းမွန်သော အနုပညာရှင်ကောင်းများ မွေးထုတ်ပေးရေး စသည့်ရည်မှန်းချက်များနှင့်အညီ တည်ထောင်ဖွင့်လှစ်ထားသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ ကောင်းမွန်စွာတည်တံ့ခိုင်မြဲတိုးတက်စေရေးအတွက် အကြံဉာဏ်ကောင်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)တို့မှ ပါမောက္ခချုပ်များက အမှာစာများဖတ်ကြားတင်သွင်းပြီး တက်ရောက်လာကြသည့် တက္ကသိုလ်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက အမှာစာတင်ပြချက်များကို အကြံပြုဆွေးနွေးကြသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ရွှေတိဂုံဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် တွေ့ဆုံကာ ရွှေတိဂုံစေတီတော်ကြီး၏ သာသနိကအဆောက်အအုံများ ရာသီဥတုဒဏ်ကြောင့် ပျက်စီးမှုမရှိစေရေး ပွင့်လင်းရာသီတွင် ပြုပြင်ဆောင်ရွက်ရန်နှင့် ပြည်ပဘုရားဖူးများအတွက် သက်ဆိုင်ရာဘာသာအလိုက် ရှင်းလင်းနိုင်ရေး ပြင်ဆင်ထားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးငွေးလှိုင်နှင့် ဂေါပကအဖွဲ့ဝင်များက ဖွဲ့စည်းပုံနှင့် လက်ရှိလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို အသေးစိတ် ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ဆောင်းသီးနှံပဲတီစိမ်း ရိတ်သိမ်းရောင်းချနေမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အုန်းနဲ့ကျေးရွာသို့



ရောက်ရှိပြီး ပဲတီစိမ်းစိုက်ခင်းများ ရိတ်သိမ်းနေမှု၊ ပဲတီစိမ်းစိုက်တောင်သူများနှင့် အစုအဖွဲ့များအကြား ဒေသပေါက်စျေးနှင့် ဝယ်ယူရောင်းချနေမှု၊ ပဲတီစိမ်းစိုက်တောင်သူများသို့ ထုတ်ပေးထားသောမျိုးနှင့် သွင်းအားစုများအတွက် သတ်မှတ်နှုန်းထားများအတိုင်း ပြန်လည်ပေးသွင်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ပဲတီစိမ်းစိုက် သမဝါယမအသင်းသား တောင်သူများနှင့် တွေ့ဆုံ၍ ဆောင်းသီးနှံပဲတီစိမ်းစိုက်ပျိုးပြီးပါက နွေစပါးစိုက်ပျိုးရေးအတွက် ဆက်လက်ဆောင်ရွက်ကြရန်၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ သီးနှံရောင်းရငွေများထဲမှ နိုင်ငံတော်ကချေးယူထားသည့် စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးဆပ်ပြီး ကြွေးမြီကင်းစင်သည့် မိသားစုဘဝကို ရယူကြရေး တိုက်တွန်းမှာကြားသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံပဲတီစိမ်းစိုက်ဧက ၂၃၀၀၀၀ စိုက်ပျိုးလျက်ရှိပြီး သမဝါယမစနစ်ဖြင့် ကဝ၊ ဒိုက်ဦး၊ ညောင်လေးပင်နှင့် ပြည်မြို့နယ်များတွင် စိုက်ဧက ၂၀၄၆၇ ဧက ပူးပေါင်းပါဝင် စိုက်ပျိုးလျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ထားသော ကဝမြို့နယ် ကျိုက်ပဒိုင်-တာဝ-ဖလေးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း တစ်မိုင် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြမှုကို ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိနေသည့် လမ်းမိုင်များကို ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ နေပြည်တော်ကောင်စီနယ်မြေ သပြေကုန်းရှိ Charging Station ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ/ အသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ ကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ/ အသုံးပြုရေးအတွက် ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် NPK Motors Co.,Ltd မှ တည်ဆောက်လျက်ရှိသည့် နေပြည်တော် သပြေကုန်းရှိ Charging Station တည်ဆောက်လျက်ရှိသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ NPK Motors Co.,Ltd ၏ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး Charging Station တည်ဆောက်ခြင်းနှင့် လျှပ်စစ်သုံးတက္ကစီယာဉ် BYD အား လျှပ်စစ်အားသွင်းခြင်း၊ စမ်းသပ်မောင်းနှင်ခြင်းလုပ်ငန်း ဆောင်ရွက်ပုံ သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Charging Stand များ တပ်ဆင်ရန် နေရာချထားမှုကို



ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လျှပ်စစ်ကားများ အသုံးပြုလာချိန်တွင် ပြည်သူများအနေဖြင့် အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသော စျေးဝယ်စင်တာများ၊ ဘတ်စ်ကားဂိတ်များနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းနေရာများတွင် လွယ်လင့်တကူ အားသွင်းနိုင်ရေးအတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လျှပ်စစ်ယာဉ်များနှင့် ပတ်သက်သည့် ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များကို လုပ်ငန်းတာဝန်များသတ်မှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ Charging Station များ တည်ဆောက်ရာတွင်လည်း လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ချိန် အချိန်မီပြီးစီးရေးတို့ကို အလေးဂရုပြုဆောင်ရွက်ရန်မှာကြားသည်။

ပြည်သူများ အသုံးပြုရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် လျှပ်စစ်သုံးယာဉ်များအတွက် Charging Station များကို နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ သုခတော်ဝင်အိမ်ရာရှေ့၊ မြို့မစျေး၊ သပြေကုန်းစျေး၊ စည်ပင်ဧည့်ရိပ်သာ၊ ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်း စသည့်တည်နေရာများတွင်လည်းကောင်း၊ ရန်ကုန်မြို့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရန်ကုန်ဘူတာကြီး၊ အဝေးပြေးကားဝင်းများ၊ သီရိမင်္ဂလာစျေး၊ သခင်မြပန်းခြံ၊ မန္တလေးမြို့တွင် မြို့ပတ်လမ်း၊ သိပ္ပံလမ်းမ၊ ကျုံးပတ်လမ်း၊ အဝေးပြေးကားဝင်းများ စသည့်နေရာများတွင်လည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက် မိုင်တိုင်(၁/၀) တိုးလ်ဂိတ်၊ မိုင်တိုင်(၁၁၅/၀) ဖြူးယာဉ်ရပ်နားစခန်း၊ မိုင်တိုင်(၂၀၁/၀) နေပြည်တော် ယာဉ်ရပ်နားစခန်း၊ မိုင်တိုင်(၂၈၄/၀) သီးကုန်းယာဉ်ရပ်နားစခန်း၊ မိုင်တိုင်(၃၅၂/၀) စကားအင်းယာဉ်ရပ်နားစခန်း စသည့်နေရာတို့တွင် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ကော်မရှင်ရုံးခွဲ(ရန်ကုန်)မှ ဝန်ထမ်းများနှင့် တွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၁၆

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာငွေးအောင်သည် ကော်မရှင်ရုံးခွဲ (ရန်ကုန်) မှ ဝန်ထမ်းများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါရုံးခွဲ အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာများနှင့် အသိပညာပေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

တွေ့ဆုံစဉ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌက ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် ကော်မရှင်မှ ထုတ်ပြန်ထားသော ကျင့်ဝတ် (CODE OF CONDUCT)ကို လိုက်နာစောင့်ထိန်းရန် လိုအပ်ကြောင်း၊ ကျင့်ဝတ်မလိုက်နာမှု၊ စည်းကမ်းဖောက်ဖျက်မှုများကြောင့် လူမှုပတ်ဝန်းကျင်အား ဆိုးကျိုးများဖြစ်ပေါ်စေကြောင်း၊ အဂတိလိုက်စားမှု ကြိုတင်ကာကွယ်ရေးအတွက် တစ်နိုင်ငံလုံးရှိ အများပြည်သူများအကြားတွင် အသိပညာပေးခြင်း လုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ဝန်ကြီးဌာန ၃၈ ခု၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုတို့တွင် CPU အဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ အခြေခံပညာ မူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်ထိ ကျောင်းသားကျောင်းသူများအတွက် အဂတိလိုက်စားမှု အသိပညာပေးခြင်းဆိုင်ရာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များကို ပြုစုထားရှိပြီးဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ထားရှိမှုများအား ထိရောက်မှု ရှိ/မရှိ သုံးသပ်ရန်နှင့် အမှန်တကယ်မြေပြင်အခြေအနေနှင့် လျော်ညီအောင် လိုအပ်သည်များကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်ရုံးခွဲ(ရန်ကုန်)ရှိ ဝန်ထမ်းအိမ်ရာနှင့် ကော်မရှင်ရုံးခွဲတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံတမန်များ နေပြည်တော်တွင် လေ့လာရေးခရီးစဉ် စတင်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံတမန်များသည် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု သံတမန်များလေ့လာရေးခရီးစဉ်အတွက် ယနေ့ နံနက်တွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ အဆိုပါ ခရီးစဉ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနရှိ မဲခေါင်-လန်ချန်းပူးပေါင်းညှိနှိုင်းရေး အဖွဲ့(မြန်မာ)ရုံးက စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါလေ့လာရေးခရီးစဉ်၏ အစီအစဉ်တစ်ခုအဖြစ် ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ မဲခေါင်-လန်ချန်းပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)ရုံး၌ "Presentation on MLC Special Fund Projects in Myanmar" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပသည်။




ဆွေးနွေးပွဲ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု သံတမန်များ လေ့လာရေးခရီးစဉ်သည် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၌ မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို မြင်သာစေရုံသာမက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ယန္တရားပိုမိုခိုင်မာစေရေးအတွက် သတင်းအချက်အလက်များ၊ အလေ့အကျင့်ကောင်းများ၊ သဘောထားအမြင်များနှင့် စိတ်ကူးအကြံဉာဏ်များကို ချစ်ခင်ရင်းနှီးစွာ ဖလှယ်နိုင်မည့်အခွင့်အရေးတစ်ရပ်ကို ဖော်ဆောင်ပေးခြင်းလည်းဖြစ်ပါကြောင်း၊ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှု၊ စိတ်ချယုံကြည်ရမှု စသည့် စံနှုန်းများကို အခြေခံသည့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်သည် မဲခေါင်-လန်ချန်းဒေသရှိ ပြည်သူများအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အကျိုးရလဒ်များကို အောင်မြင်စွာဖော်ဆောင်ပေးလျက်ရှိသည့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၏ အဓိကသော့ချက်ပင်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံကို စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၄ သန်းတန်ဖိုးရှိ အထူးရန်ပုံငွေစီမံကိန်း ၉၂ ခုကို ပေးအပ်ခဲ့သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကျေးဇူးတင်ရှိပါကြောင်း၊ မဲခေါင်-လန်ချန်းပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)ကို ကူညီထောက်ပံ့ပေးနေမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် တရုတ်နိုင်ငံသံရုံးကို လည်းကောင်း၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ကူညီပေးမှုအတွက် မဲခေါင်နိုင်ငံများကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း ထည့်သွင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် မဲခေါင်-လန်ချန်း ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)၏ ဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇေယျာထွန်းက မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှု၊ ပြီးစီးမှုနှင့် အကျိုးရလဒ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါဝန်ကြီးဌာနများ၏ ရှင်းလင်းဆွေးနွေးမှုအပြီးတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံတမန်များက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၌ ရှေ့ဆက်ဆောင်ရွက်မည့်လမ်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံ သံရုံးများမှကိုယ်စားလှယ်အဖွဲ့များသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများအနက် တစ်ခုဖြစ်သော စိုက်ပျိုးရေးဆိုင်ရာ စာရင်းအင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့ပြင် စေတီတော်အနီးရှိ ရဋ္ဌနန္ဒက ဆင်ဖြူတော်လေးအပါအဝင် ဆင်ဖြူတော်များရှိရာသို့ သွားရောက်ကြည့်ရှုကြပြီး အစာရေစာများ ကျွေးမွေးကြသည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံတမန်ကိုယ်စားလှယ်အဖွဲ့များကို M-Gallery ဟိုတယ်၌ ကြိုဆိုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏ္ဏာမလက်ရွေးစင်ခြင်းလုံးအားကစားသမားများ အပြီးသတ်လူရွေးချယ်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မေ ၅ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏ္ဏာမလက်ရွေးစင်ခြင်းလုံး အားကစားသမားများကို ပြိုင်ပွဲအသွင် ဆန်းစစ်အပြီးသတ်လူရွေးချယ်ခြင်းကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Training Hall No(1) ၌ ကျင်းပသည်။

### ကြည့်ရှုအားပေး

အပြီးသတ် လူရွေးချယ်ပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး၊ အာရှခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဇင်မိုး၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတွင် ပူးတွဲလာရောက်လေ့ကျင့်လျက်ရှိသည့် ကမ္ဘောဒီးယားနိုင်ငံ ခြင်းလုံးအားကစားအဖွဲ့မှ အုပ်ချုပ်/နည်းပြနှင့် အားကစားသမားများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးခဲ့ကြပြီး ပြိုင်ပွဲအမျိုးအစား (Event) No-4 နှင့် No-3 ပြိုင်ပွဲတို့တွင် အားကစားသမား အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံခဲ့ကြသည်။



အဆိုပါအပြီးသတ် လူရွေးချယ်ခြင်း ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီခွဲမှစ၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း Training Hall No(1) ၌ ပြိုင်ပွဲအမျိုးအစား(Event) No-4 နှင့် No-2 ပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိသားစုတွင်းရှိ ကလေးများသာမက ပရဟိတဂေဟာများရှိ ကလေးများပါ ကလေးသူငယ်အခွင့်အရေး အပြည့်အဝရရှိစေရန်နှင့် မိမိကိုယ်ကို တန်ဖိုးထားတတ်စေရန် ဝိုင်းဝန်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**



မိသားစုတွင်းရှိ ကလေးများသာမက ပရဟိတဂေဟာများရှိကလေးများပါ ကလေးသူငယ်အခွင့်အရေး အပြည့်အဝရရှိစေရန်နှင့် မိမိကိုယ်ကို တန်ဖိုးထားတတ်စေရန် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ဌာနဆိုင်ရာများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို တိုက်တွန်းပြောကြားသည်။

**တိုက်တွန်းပြောကြား**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ယနေ့ကျင်းပသည့် နိုင်ငံအတွင်းရှိ ပရဟိတဂေဟာများတွင် ကလေးသူငယ်များအား လက်ခံစောင့်ရှောက်မှုနှင့် ပတ်သက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေအားလေ့လာဆန်းစစ်သည့် သုတေသနလုပ်ငန်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကလေးငယ်များသည် မိမိတို့နိုင်ငံ၏ အနာဂတ်များဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မိသားစုနှင့်မနေရသော၊ ပရဟိတဂေဟာများတွင် ရောက်ရှိနေသော ကလေးများကို နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များအဖြစ် သတ်မှတ်၍ တန်ဖိုးထားစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် သုတေသနလုပ်ငန်းသည်လည်း အရေးပါကြောင်း၊ သုတေသနမှ ထွက်ပေါ်လာသော ရလဒ်များဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခု သုတေသနမှ ထွက်ပေါ်လာသော ရလဒ်များကိုလည်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် ရှင်းလင်းတင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ချက်များအပေါ်မည်သို့ ဖြေရှင်းဆောင်ရွက်ပေးရမည်ဆိုသည့် နည်းလမ်းများရရှိလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းအစည်းအဝေးတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများက နိုင်ငံအတွင်းရှိ ပရဟိတဂေဟာများတွင် ကလေးသူငယ်များ လက်ခံစောင့်ရှောက်မှုနှင့် ပတ်သက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်ဆောင်ရွက်ထားရှိမှု အခြေအနေအား လေ့လာဆန်းစစ်သည့်သုတေသနလုပ်ငန်းနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ INGOs/NGOs များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် UNCRC ပါ ကလေးသူငယ်များနှင့်ပတ်သက်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့် စသည့် ကလေးသူငယ်အခွင့်အရေးလေးရပ်ကို Focal Ministry အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါအခွင့်အရေးလေးရပ်ကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနအနေဖြင့် ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်များအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ပရဟိတဂေဟာ၊ သင်တန်းကျောင်းများတွင် အနိမ့်ဆုံးထားရှိရမည့် စံချိန်စံညွှန်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ တည်ထောင်ခွင့်ပြုမိန့် မှတ်ပုံတင်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်း လမ်းညွှန် စသည်တို့ကို ရေးဆွဲပြဋ္ဌာန်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ခဲ့သည့် သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက်ဆိုင်ရာ ညွှန်ကြားချက်များနှင့် စပ်လျဉ်း၍ ပိုမိုသိရှိနားလည်စေရန် အသိပညာမြှင့်တင်ရေးအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**



ဘဏ်များ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများနှင့် ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ရရှိသူများ၊ နိုင်ငံခြားငွေရောင်းဝယ်လဲလှယ်ရေးလုပ်ငန်းများ၏ အဓိကကျသည့်အကျိုးစီးပွားရှိသော အဓိကရှယ်ယာရှင်များ၊ ကုမ္ပဏီ၏ဒါရိုက်တာများ၊ တာဝန်ရှိသူများနှင့် ဆက်နွှယ်သူများအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ခဲ့သည့် သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက် (Fit & Proper) ဆိုင်ရာ ညွှန်ကြားချက်များနှင့်စပ်လျဉ်း၍ ပိုမိုသိရှိနားလည်စေရန် အသိပညာမြှင့်တင်ရေး အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ဘဏ်ခွဲ)၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို ကဏ္ဍအသီးသီးတွင် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍတို့ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ရှင်းလင်းဆွေးနွေးမည့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက်၊ ညွှန်ကြားချက်များသည် ငွေရေးကြေးရေးအဖွဲ့အစည်းများအတွင်း ပြစ်မှုကျူးလွန်သူများနှင့် ပြစ်မှုကျူးလွန်ရာမှ ရရှိထားသည့် ငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များ ဝင်ရောက်လာခြင်းမရှိစေရေးအတွက် ကြိုတင်တားဆီးကာကွယ်ထားသည့် အစီအစဉ်များဖြစ်ကြောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအားလုံးတွင် ရင်းနှီးမြှုပ်နှံသည့် ငွေကြေး၊ အရင်းအနှီးများ၌ ငွေကြေးခဝါချမှုကျူးလွန်သူများမပါဝင်စေရေး အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း၊ သတင်းပို့ခြင်း အပါအဝင် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ပြည်ပငွေလွှဲလုပ်ငန်းလုပ်ကိုင်သူများ၊ နိုင်ငံခြားငွေများ ရောင်းဝယ်လဲလှယ်ရေးလုပ်ငန်း၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဘဏ်ဦးဆောင်မှုပုံစံဖြင့်ဆောင်ရွက်သည့် မိုဘိုင်းဘဏ်လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်သူများနှင့် ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများအတွက် သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာစံသတ်မှတ်ချက်များကိုလည်းကောင်း၊ ညွှန်ကြားချက်နှင့်အညီ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း လိုက်နာခြင်းမရှိပါက ဥပဒေစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူသွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး အစည်းအဝေးတက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ကျိုက်ထိုမြို့နယ်၌ မြန်မာ-ရုရှားသံတမန်ဆက်ဆံရေးထူထောင်မှု အထိမ်းအမှတ် နံရံကပ်စာစောင်ပြသ

**ကျိုက်ထို ဖေဖော်ဝါရီ ၁၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် မြန်မာ-ရုရှားသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် အထိမ်းအမှတ်အသိပညာပေး နံရံကပ်စာစောင်ကို အများပြည်သူများသိရှိလေ့လာနိုင်ရန်အတွက် ယနေ့မွန်းလွဲပိုင်းမှ စတင်ပြသထားသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျရောက်မည့် မြန်မာ-ရုရှားတို့၏ သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှတ်တမ်းများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ်၊ အာကာသလွှတ်တင်ရေးစခန်း၊ လေယာဉ်ထုတ်လုပ်ရေးစက်ရုံများ လေ့လာကြည့်ရှုခဲ့သည့် မှတ်တမ်းပုံများအား ပြသဆောင်ရွက်ထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ငလျင်ဒဏ်ခံစားနေရသည့် တူကီယဲနှင့် ဆီးရီးယားနိုင်ငံပြည်သူများအတွက် ဂျပန်အစိုးရက အမေရိကန်ဒေါ်လာ ၂၇ သန်း ပေးအပ်မည်

**တိုကျို ဖေဖော်ဝါရီ ၁၆**

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ငလျင်လှုပ်ခတ်မှုကြောင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ လိုအပ်နေသည့် တူကီယဲနှင့် ဆီးရီးယားနိုင်ငံတို့အတွက် ဂျပန်အစိုးရက အရေးပေါ် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၂၇ သန်း ပေးအပ်သွားရန် ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအကူအညီများကို ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်နှင့် ဂျပန်အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတစ်ဆင့် နှစ်နိုင်ငံစလုံးသို့ ပေးအပ်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဟာယာရှီ ယိုရှီမာဆာက ယနေ့ သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ငလျင်နှင့် အခြားသောသဘာဝဘေးအန္တရာယ်များအပေါ် အခြေခံ၍ ဒေသတွင်းသို့ ကယ်ဆယ်ရေးသမားများနှင့် ထောက်ပံ့ရေးပစ္စည်းများပေးပို့ရန် အစွမ်းကုန် လုပ်ဆောင်လျက်ရှိကြောင်း ဟာယာရှီက ပြောကြားခဲ့သည်။

ဂျပန်အစိုးရက ငလျင်ဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် မည်သည့်နည်းဖြင့်မဆို လျင်မြန်စွာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**






## ဂျပန်နိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါကူးစက်မှုကြောင့် ၁၇၂ ဦး ထပ်မံသေဆုံး

**တိုကျို ဖေဖော်ဝါရီ ၁၆**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ၁၇၂ ဦး သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၇၁၃၀၈ ဦးရှိကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၁၃၄၇ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၃၀၄၀၉၆၃ ဦးရှိကြောင်း သိရသည်။

အဆိုပါ နေ့စဉ် ကူးစက်မှုအရေအတွက်သည် ဇန်နဝါရီလအတွင်းက တွေ့ရှိမှုအရေအတွက်ထက် ၁၀ ရာခိုင်နှုန်း လျော့ကျသွားကြောင်း သိရသည်။

လက်ရှိတွင် ရောဂါပြင်းထန်စွာခံစားနေရသူပေါင်း ၂၅၄ ဦးရှိသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၄၅၄ ဦးသည် မြို့တော် တိုကျိုမှဖြစ်ကြောင်း သိရသည်။ အလားတူအဆိုပါရောဂါကြောင့်ထပ်မံသေဆုံးသူများအနက် ၁၂ ဦးသည် မြို့တော်တိုကျိုမှ ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## တောင်အာဖရိကနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံမှုများ ဖြစ်ပွား၊ ငါးဦး သေဆုံး

**ဂျိုဟန်နက်စ်ဘာ့ဂ် ဖေဖော်ဝါရီ ၁၆**

တောင်အာဖရိကနိုင်ငံ ပူမာလန်ဂါ နှင့် လမ်ပိုပိုပြည်နယ်များ၌ မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားမှုကြောင့် ငါးဦးသေဆုံးပြီး လေးဦးပျောက်ဆုံးခဲ့ကြောင်း ဒေသန္တရအစိုးရအဖွဲ့က ယမန်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ပူမာလန်ဂါပြည်နယ်၌ သုံးဦးသေဆုံးပြီး လေးဦးပျောက်ဆုံးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။ လမ်ပိုပိုပြည်နယ်၌ နှစ်ဦးသေဆုံးပြီး ယင်းနှစ်ဦးမှာ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိစဉ် မြစ်များအတွင်း ရေနစ်သေဆုံးခဲ့ကြောင်းနှင့် ၎င်းတို့၏ ရုပ်အလောင်းများကို ပြန်လည်ရရှိခဲ့ကြောင်း လမ်ပိုပိုပြည်နယ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ရေနစ်သေဆုံးမှုများမဖြစ်စေရန်အတွက် ဆည်များနှင့် မြစ်များကို ဖြတ်မကူးရန် ပြည်သူများအား တိုက်တွန်းထားကြောင်းနှင့် ကလေးငယ်များကိုလည်း ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် နေအိမ်ပြင်ပသို့ မထွက်ကြရန် မိဘများအား တိုက်တွန်းပြောကြားထားကြောင်း ဒေသန္တရအစိုးရအဖွဲ့က ဆိုသည်။

ထို့ပြင် မြေနိမ့်ပိုင်းများတွင် နေထိုင်သည့်ဒေသခံပြည်သူများကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် အကြံပြုတိုက်တွန်းထားကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံရှိပြည်နယ်အသီးသီးတွင် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသည့်အတွက် တုံ့ပြန်ဆောင်ရွက်မှုများလုပ်ဆောင်ရန် ဗဟိုအစိုးရက အမျိုးသားသဘာဝဘေးအခြေအနေအဖြစ် ကြေညာထားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## တရုတ်နိုင်ငံ၌ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ စွမ်းဆောင်ရည်တိုးမြင့်လာ

**ပေကျင်း ဖေဖော်ဝါရီ ၁၆**

တရုတ်နိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလမှစတင်၍ အသေးစားနှင့် အလတ်စား (SME) စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာကြောင်း စက်မှုလုပ်ငန်းဆိုင်ရာ အချက်အလက်များအရ သိရသည်။

ပြီးခဲ့သည့်လအတွင်းက နိုင်ငံအတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း စုစုပေါင်း ၃၀၀၀ ၏ ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းသည် ၈၈ ဒသမ ၉ ရှိကြောင်း တရုတ်နိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ အသင်းက ပြောကြားသည်။ ယခုနှစ် ဇန်နဝါရီလအတွင်းက နိုင်ငံအတွင်းရှိ ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်ပစ္စည်းသိုလှောင်ရေးနှင့် အစားအစာပို့ဆောင်ရေး လုပ်ငန်းများတွင် ဖွံ့ဖြိုးတိုးတက်မှုများရှိခဲ့ကြောင်းလည်း အဆိုပါအသင်းက ပြောကြားသည်။

ယခုကဲ့သို့ နိုင်ငံအတွင်းရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာခြင်းမှာ နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကိုင်တွယ်ဆောင်ရွက်မှုများအားကောင်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း တရုတ်နိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာအသင်း ဒုဥက္ကဋ္ဌ မာဘင်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

■

## ရာထူးမှ အချိန်စောစီးစွာ နုတ်ထွက်မည်ဟု ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

မိမိ၏ ရာထူးသက်တမ်းမကုန်ဆုံးမီ တစ်နှစ်စော၍ ရာထူးမှနုတ်ထွက်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဒေးဗစ်မာပတ်စ်က ယမန်နေ့တွင် ပြောကြားသည်။ လေးနှစ်ကျော်ကြာ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ယခုဘဏ္ဍာနှစ်ကုန်ဆုံးမည့်အချိန်ဖြစ်သည့် ဇွန် ၃၀ ရက်တွင် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဒေးဗစ်မာပတ်စ် ရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားသည်။ မာပတ်စ်အား ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် အမေရိကန်သမ္မတဟောင်း ထရမ့် လက်ထက်တွင် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ်၌ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည့် ၎င်း၏ ရာထူးသက်တမ်းမှာ ငါးနှစ်သတ်မှတ်ထားသဖြင့် ပုံမှန်အားဖြင့် ၂၀၂၄ ခုနှစ်မှသာ နုတ်ထွက်ရမည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ကမ္ဘာမြေကြီးပူနွေးလာမှုကို လျှော့ချရန် ကမ္ဘာ့နိုင်ငံများအား တရုတ် တိုက်တွန်း




**ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၆**

ကမ္ဘာမြေကြီးပူနွေးလာမှုကို လျှော့ချရန်နှင့် ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်လာမှုကို လျှော့ချရန်အတွက် သင့်တော်သည့်နည်းလမ်းများဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန် ကမ္ဘာ့နိုင်ငံများအား ကုလသမဂ္ဂဆိုင်ရာ တရုတ်နိုင်ငံကိုယ်စားလှယ် ဇန်ဂျန်းက ဖေဖော်ဝါရီ ၁၄ ရက်တွင် တိုက်တွန်းခဲ့သည်။

ကမ္ဘာပေါ်ရှိလူသားများအား ရာသီဥတုဆိုင်ရာကပ်ဘေးများမှ ကာကွယ်ရန်အတွက် အချိန်မဆိုင်းဘဲ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပါရီ သဘောတူညီချက်ပါ စံသတ်မှတ်ချက်များအရ ကမ္ဘာ့အပူချိန်လျှော့ချရေးနှင့် လေထုညစ်ညမ်းမှုလျှော့ချရန်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများ ဦးဆောင်ကာ ဆောင်ရွက်သွားရမည်ဟု ၎င်းက ပြောကြားခဲ့သည်။ သို့ရာတွင် ယမန်နှစ်မှစတင်၍ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ရုပ်ကြွင်းလောင်စာသုံးစွဲမှုနှင့် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားလာပြီး ကမ္ဘာပေါ်ရှိ လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် အားလျော့လာကြောင်း ၎င်းက ပြောကြားသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ကာဗွန်ဓာတ်ငွေ့လျှော့ချရေးအတွက် ခိုင်မာသည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ကြောင်းနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအား ငွေကြေးအကူအညီပေးရန် တာဝန်ရှိကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ခံရသော ဖွံ့ဖြိုးဆဲနိုင်ငံများအား ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် ငွေကြေးနှင့် နည်းပညာအကူအညီများပေးရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ တရုတ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆောင်ရွက်ရာတွင် ကမ္ဘာ့နိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၃၅၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၆-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၃၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၀၅,၉၂၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၇၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၄,၃၅၅) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## "ချစ်သူ့ဆွဲအား တေးဂီတ"ဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Show အစီအစဉ်ဆန်းသစ်မှုအဖြစ် **"ချစ်သူ့ဆွဲအား တေးဂီတ"** ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၇ ရက် သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် **"မြန်မာ့အသံတေးဂီတ"** အဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ဝေလျှံ၊ မိုးယံဇွန်၊ စောဒယ်နီရယ်၊ ချိုမီမီဇော်၊ ထွန်းပပအောင်၊ ပူတူး၊ ရေဂျီးနား၊ ခိုင်သဇင်ဦး၊ ဖူးဇေကရီဆောင်းနှင့် ပပအောင်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ထိုသို့တင်ဆက်မှုကို ဖေဖော်ဝါရီ ၁၉ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရမည်းသင်းမြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်

**ရမည်းသင်း ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အတွက် မီးဘေးဇာတ်တိုက် လေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲ ၃ နာရီက ရမည်းသင်းမြို့မဈေးကြီးအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရလင်းက ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးသည်များအား မီးငြှိမ်းသတ်ရေးအချက်သုံးချက်၊ မီးငြှိမ်းသတ်ရေး ကြိုတင်ကာကွယ်ရေး၊ မီးသတ်ဆေးဘူးအသုံးပြုပုံ အဆင့်ဆင့်နှင့် မီးသတ်ဆေးဘူး အကြောင်းတို့ကို ရှင်းလင်းဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရလင်းဦးဆောင်သော သန္နေတပ်ဖွဲ့ဝင် ၂၀၊ အရန်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်နည်း၊ ဆီမီးငြှိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြှိမ်းသတ်နည်းတို့ကို လက်တွေ့သရုပ်ပြသကြသည်။



ဆက်လက်၍ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့ဝင် နှစ်ဦးနှင့် ဈေးသည်တစ်ဦးတို့က မီးသတ်ဆေးဘူး အသုံးပြုနည်းကို လက်တွေ့ ဆောင်ရွက်ခဲ့ကြပြီး မီးငြှိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ စည်ပင်သာယာ ရေသည်ယာဉ်တစ်စီးဖြင့် မီးငြှိမ်းသတ်နည်းတို့ကို မြို့မဈေးသူ ဈေးသားများက ပါဝင် ဇာတ်တိုက် လေ့ကျင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် အခြေခံလူတန်းစားပြည်သူများ သက်သာသောနှုန်းထားဖြင့် ဝယ်ယူစားသောက်နိုင်ရေး ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ဘုရားကြီးမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ပိုင်ဖြိုး ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ အဖွဲ့ဝင်များနှင့်အတူ တန်ဖိုးသင့် ထမင်း၊ ဟင်းများကို ရပ်ကွက်များအတွင်း လှည့်လည်ရောင်းချပေးစဉ်။ ခရိုင်(ပြန်/ဆက်)

## "နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်"မှ "တံခါးမှူး ဒတ္ထ" ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာဇာတ်သဘင် မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ် စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ **"တံခါးမှူး ဒတ္ထ"** ဇာတ်တော်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင်စီစဉ်ပြီး **Art Director** ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွှေစားဝါးခယ်မ စိန်မုန့်လုံး၏တီးခတ်မှု၊ **တင်မောင်ဆန်းမင်းဝင်း၊ နန်းခင်မွေး၊ ဘွန်း၊ ငြိမ်းချမ်းခိုင်၊ ချမ်းချမ်းမိုးနှင့်အတူ** သဘင်အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။




ထိုသို့တင်ဆက်မှုကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် စနေနေ့ ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၂ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ်၊ လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**




သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ်(Family Quiz) ပွဲစဉ် ၁၀၅ ကို ဖေဖော်ဝါရီ ၁၇ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ် တင်ဆက်သူ စိုးသီဟနှင့် သဲဆုဇော်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# PDF အမည်ခံ အကြမ်းဖက်သမားများ အကြောင်းမဲ့ရက်စက်စွာ မိုင်းခွဲတိုက်ခိုက်ခဲ့မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား သွားရောက်ကြည့်ရှုအားပေး၊ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အရာတော်)၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခန်းဆုံးစာမေးပွဲဖြေဆိုပြီး ပြန်လာသည့် ကျောင်းသား ကျောင်းသူများ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်အား PDF



အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ ရက်စက်စွာ မိုင်းခွဲတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ ကျောင်းသား ကျောင်းသူ ၁၀ ဦး မိုင်းစထိမှန်ဒဏ်ရာ ရရှိခဲ့ပြီး ကျောင်းသူတစ်ဦး သေဆုံးခဲ့သည့်သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါဖြစ်စဉ်မှ ဒဏ်ရာရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများကို ယနေ့ မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သည့် ငွေကျပ် ၄၂ သိန်း၊ တိုင်းစစ်ဌာနချုပ်က ထောက်ပံ့သည့် ငွေကျပ် ၁၇ သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ သံချပ်ကာ ယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးက ထောက်ပံ့သည့် ငွေကျပ် ၁၇ သိန်း စုစုပေါင်း ထောက်ပံ့ငွေကျပ် ၇၆ သိန်းနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စာမေးပွဲဖြေဆိုကြမည့် တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအား နယ်မြေခံတပ်၊ တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄- က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၇)ရပ်ကွက် ဝက်အင်းကြီးရပ်နေ လူမင်းကျော်(ခ)ကျော်ဦးသည် ၎င်းအသုံးပြုသည့် "Lu Min Kyaw" Facebook အကောင့်၊ ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက်နေ ကျော်အေး(ခ)ပေါက်ပြားနှင့် ခင်မောင်ဌေးတို့သည် ၎င်းတို့အသုံးပြုသည့် "Kyaw Aye" Facebook၊ အကောင့်နှင့် "Khin Mg Htay" Facebook အကောင့် ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်နေ ကျော်ဇင်ဝင်းသည် ၎င်းအသုံးပြုသည့်"Kyaw Zin Win" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ်အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





## ကြာအင်းဆိပ်ကြီးမြို့နယ် သံပုကျေးရွာအနီး ကြာအင်းဆိပ်ကြီး-ချောင်းနှစ်ခွလမ်းရှိ ဒါလီချောင်းကူး တံတားအား အကြမ်းဖက်မှုကို လိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင် ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် သံပုကျေးရွာအနီး ကြာအင်းဆိပ်ကြီး-ချောင်းနှစ်ခွလမ်းရှိဒါလီချောင်းကူးတံတားအား အကြမ်းဖက်မှုကို လိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၈ ရက် နံနက် ၇ နာရီတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် သံပုကျေးရွာအနီး ကြာအင်းဆိပ်ကြီး-ချောင်းနှစ်ခွလမ်း၊ KM 9 နှင့် KM 10 ကြားရှိဒါလီချောင်းကူးတံတားအား အကြမ်းဖက်မှုကို လိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသွားခဲ့ရာ အလျား ၁၈၈ ပေ၊ အနံ ၁၆ ပေခန့်ရှိ သံပေါင်တံတားတစ်ခြမ်း ပြိုကျပျက်စီးခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် အဆိုပါတံတားသို့ အကြမ်းဖက်အဖွဲ့အင်အား ၁၀ ဦး ခန့်က ထပ်မံရောက်ရှိလာကာ ကျန်ရှိနေသည့် တံတားတစ်ခြမ်းအား ထပ်မံမိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သဖြင့် တံတားတစ်ခြမ်း ထပ်မံပျက်စီးခဲ့ပြီး လူနှင့်မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် တံတားအား တာဝန်ရှိသူများက အများပြည်သူပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**☆ အာဆီယံမှ**

ကနဦး သားဖောက်လုပ်ငန်း ဆောင်ရွက်၍ အောင်မြင်ပါက စီးပွားဖြစ်မွေးမြူ ထုတ်လုပ်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့မှ ရေမိုင် ၂၂ မိုင်ဝေးသော တွံတေးငါးလုပ်ငန်းစခန်းကို ငါးမြင်းစုဆောင်းရေးစင်တာအဖြစ် ထားရှိကာ ကျန်းမာသန်စွမ်းသော ငါးသားပေါက်များကို စုဆောင်း၍ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)တွင် အုတ်ကန်နှင့် မြေကြီးကန်တို့တွင် မွေးမြူပြုစုခဲ့ရာ ကနဦးသုတေသနအဖြစ် နှစ်နှစ်မွေးမြူခဲ့စဉ် ၆၀ ရာခိုင်နှုန်း ရှင်သန်အောင်မြင်ခဲ့ကြောင်း သိရသည်။

"ငါးမြင်းဟာဝယ်လိုအားကောင်းတဲ့ရေထွက်ကုန်တစ်ခုပါ။ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းမှာ ရှိနေတဲ့ မျိုးရင်းဖြစ်တဲ့အတွက် သားပေါက်ကို တွံတေးငါးလုပ်ငန်းစခန်းက စုဆောင်းပြီး ငါးလုပ်ငန်းသိပ္ပံ(တွံတေး)မှာ ၂၀၂၀ ခုနှစ်ကစပြီးသုတေသန စမ်းသပ်မွေးမြူခဲ့တာ နှစ်နှစ်ရှိပါပြီ။ ငါးမြင်းဟာအစာကိုအရှင်ဖမ်းစားပြီး ရေနက်နက်မှာ နေထိုင်တတ်တာဖြစ်ပေမယ့် ဒီမှာသုံး/လေးပေအနက်မှာ မွေးမြူပြီး အစာတောင့် ကျွေးမွေးခဲ့တာ အောင်မြင်ခဲ့တယ်။ အခြားငါးတွေနည်းတူ(၃/၄)နှစ် သားဖောက်မွေးမြူမှု အောင်မြင်ခဲ့ရင် အဖြေတစ်ခုတော့ရလာမှာပါ။ သဘာဝရေပြင်ကနေ မွေးမြူရေးကန်မှာ မွေးမြူတာဖြစ်တဲ့အတွက် သူလိုချင်တဲ့ အာဟာရဓာတ်တွေကို ဖန်တီးပြီး သဘာဝနဲ့ကိုက်ညီအောင် မွေးမြူသွားမယ်ဆိုရင် သားဖောက်တဲ့အဆင့်ကို အောင်မြင်မှာပါ။ ဆိုဒ်လေးမျိုးပါဝင်တဲ့ နှစ်နှစ်သားကနေ သုံးနှစ်သားအထိ ငါးမြင်းကောင်ရေ ၁၀၀ ကို သုတေသနပြုသားဖောက်ပြီးရင် စီးပွားဖြစ်မွေးမြူထုတ်လုပ်နိုင်ဖို့ ယနေ့ ပေးအပ်ခဲ့ပါတယ်။ အာဆီယံနိုင်ငံတွေမှာ မရှိတဲ့တိုင်းရင်းမျိုးစိတ်ဖြစ်တဲ့အတွက် National fish အဖြစ် ဂုဏ်ယူလို့ရတဲ့မျိုးစိတ်အဖြစ် ရှိနေပါတယ်"ဟု ငါးလုပ်ငန်းသိပ္ပံ (တွံတေး) ကျောင်းအုပ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာမောင်က ပြောသည်။

မြန်မာ့မျိုးရင်းငါးမြင်းကို မန္တလေးတိုင်းဒေသကြီးအောက်ပိုင်းမှစ၍ တွေ့ရပြီး မဲခေါင်မြစ်တွင်မရှိသော မျိုးစိတ်ဖြစ်သောကြောင့် နိုင်ငံအတွက် ဂုဏ်ယူဖွယ် မျိုးရင်းတစ်ခုအဖြစ် တည်ရှိလျက်ရှိသည်။ မြန်မာနိုင်ငံတွင် တစ်ချိန်က ပေါများခဲ့သော ငါးသလောက်ကို ယနေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ National Fish အဖြစ် သတ်မှတ်၍ ပြည်ပဈေးကွက်ကို ထိန်းချုပ်ထားလျက်ရှိပြီး ဝယ်လိုအား အသင့်ရှိနေသော မြန်မာ့ငါးမြင်းကို ပို့ကုန်တစ်ခုအဖြစ်တင်ပို့၍ မျိုးရင်းအဖြစ် ဆက်လက်ထိန်းသိမ်းကာ ဆုံးရှုံးမှုမရှိစေရန် အမျိုးသားငါးမျိုးစိတ်(National Fish)အဖြစ် ရပ်တည်နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ငါးလုပ်ငန်းဦးစီးဌာနနဲ့ငါးလုပ်ငန်းအဖွဲ့ချုပ်ပူးပေါင်းဆောင်ရွက်ခဲ့တာကြာပါပြီ။ ယနေ့ဆောင်ရွက်မှုဟာ ဝမ်းသာဂုဏ်ယူစရာပါ။ မြန်မာ့မျိုးရင်းငါးမြင်းကို သားဖောက်နိုင်မယ်လို့လည်း ယုံကြည်တယ်။ အာဆီယံနိုင်ငံတွေမှာ မရှိတဲ့ မြန်မာ့ငါးမြင်းကို သားဖောက်နိုင်အောင် ပညာရှင်တွေအားလုံးနဲ့ ဆွေးနွေးတိုင်ပင်သွားမှာပါ။ ငါးမြင်းကို မြန်မာနိုင်ငံရဲ့ အမျိုးသားငါးမျိုးစိတ်အဖြစ် သတ်မှတ်နိုင်အောင်ကြိုးစားသွားဖို့ ရှိပါတယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ တိုးနန္ဒာတင်က ပြောသည်။

ပြည်ပဝယ်လိုအားအသင့်ရှိနေသော ရေထွက်ကုန်ဖြစ်၍ ဈေးနှုန်းအမြင့်ဆုံးဖြစ်သောကြောင့် သားဖောက်လုပ်ငန်းအောင်မြင်ပါက မွေးမြူထုတ်လုပ်နိုင်ခြင်းဖြင့် ငါးတန်ကဲ့သို့ နိုင်ငံခြားဝင်ငွေအများဆုံး ရှာဖွေပေးနိုင်သော ရေထွက်ကုန်ဖြစ်လာမည်ဖြစ်ပြီး ငါးမြင်းသားပေါက်များကို မြစ်သုံးခုဆုံရာ တွံတေးမြစ်ဝ၊ ညောင်တုန်းဝဲကြီးသောင်နှင့် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်တို့မှ စုဆောင်းရရှိခြင်းဖြစ်သည်။ ယနေ့တွင် ပန်းတနော်မြို့နယ် Global Art ငါးမွေးမြူရေးဇုန်သို့ ငါးမြင်းကောင်ရေ ၁၀၀ ကို ပို့ဆောင်ခဲ့ပြီး ငါးမွေးမြူရေးဇုန်တွင် သုတေသနပြု၍ သားဖောက် လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ရာ အောင်မြင်ပါက စီးပွားဖြစ် မွေးမြူထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ-ကနူး**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသင်းသင်းအေး၊ ပါမောက္ခ(ဌာနမှူး) သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် သမိုင်းဘာသာရပ် သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကို ကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့လိုပါတယ်။ ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့အမျိုးသားစိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့ အပိုင်းကို လေ့လာတဲ့အခါ ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားနဲ့လည်း လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ် နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်းသိဖို့ လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်၊ သက္ကရာဇ်တိုင်း သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ခုနှစ်၊ သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာ ကျင်းပတဲ့ ဝိုင်အမ်ဘီအေညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်းမပြုတော့တာ တွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့နေရာမှာ နိုင်ငံရေးဆောင်ရွက်မယ့် အသင်းကြီး တစ်သင်းထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံအမျိုးသား လှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာ့အသင်းချုပ်ကြီး ဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀ မှာ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားတယ်။ အဲဒီကာလ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာ အမျိုးသမီးများ၏ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အား ပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီးတစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့ အသင်းဟာ တို့ဗမာ အစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀ မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေးအမျိုးသားလှုပ်ရှားမှု သမိုင်းမှာ တို့ဗမာအစည်းအရုံးရဲ့ အခန်းကဏ္ဍကလည်း အရေးပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ ကာလ အပိုင်းအခြားဟာ ၁၉၃၀ မှ ၁၉၄၁ အထိ ဖြစ်တယ်ဆိုတာလည်း သိထားသင့်တယ်။

၁၉၃၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကို လက်နက်စွဲကိုင်တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမား အရေးတော်ပုံမှာ အရေးတော်ပုံမတိုင်မီ လယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံ ပေါ်ပေါက်လာရခြင်းတို့ကို သီးခြားလေ့လာလို့ ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေးတွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေးတွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့ သွေးခွဲရေးစီမံချက်တစ်ခုဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့် (ခရစ်နှစ် ၁၉၃၈) ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံဂယက်ကြောင့် မြန်မာ တိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံ ဖြစ်ပွားတဲ့ကာလ ဟာ ခရစ်သက္ကရာဇ်အားဖြင့် ၁၉၃၈-၁၉၃၉ ကာလ ဖြစ်တယ်ဆိုတာကိုလည်း သိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့ အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက်-ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန် ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀-၁၉၄၅ အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့အပိုင်း ဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြားလေ့လာလို့ရတယ်။ ဥပမာ-ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး ၁၉၄၂-၁၉၄၅ ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး ဆင်နွှဲရန် ဖန်တီးပေးတဲ့အခြေအနေများ၊ အခြေခံသဘောထားနှင့် အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးရယူခြင်းအပိုင်းကို လေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင်ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုတယ်။ လွတ်လပ်ရေးအရယူခြင်း ခေါင်းစဉ်ရဲ့အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ဂန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံအစည်းအဝေး၊ အောင်ဆန်းအက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု-အက်တလီစာချုပ် ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ်၊ တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကို လေ့လာရာမှာ ကိုလိုနီခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲလေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ ဌာနအုပ်ချုပ်ရေးဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇ အတွင်း အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေးဖြစ်လို့ ပြည်သူတို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ်ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ ဌာန အုပ်ချုပ်ရေးပေါ်လာတယ်။ ဒီ ၉၁ ဌာနအုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်း အုပ်ချုပ်ခဲ့တယ်။ ၉၁ ဌာန အုပ်ချုပ်ရေးအတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေး ပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့ အမျိုးသားယာယီအစိုးရဆိုပြီး တွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေး ဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကို လေ့လာရာမှာ ၁၉၄၈-၁၉၅၈ ခုနှစ်ကာလ အပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံသောင်းကျန်းသူများပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်းဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကိုမင်တန် ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရပေါ်ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့အောင်မြင်မှု ဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂ အထိကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂ – ၁၉၇၄ အထိ ကာလကို တော်လှန်ရေးကောင်စီအစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄-၁၉၈၈ အထိ ကာလဟာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့ လိုအပ်တယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများ လက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေတွေကို လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။ ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင်စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလော အကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။ အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက

- ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ်ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စုအပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း

တို့ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံအကြောင်းရင်းအပြင် လတ်တလော အကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေး ညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာ ပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက် လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ်ချုပ်ဆိုထားတဲ့ စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီ အင်အားပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါအချက်များကို ချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာများပေါ်ပေါက်လာပြီး ဒုတိယ ကမ္ဘာစစ်ဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေးလုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာ ဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှား နိုင်ငံအခြေအနေ၊ ၁၉၀၅ တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာတော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒါ့အပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေး ဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်တယ်။

အိန္ဒိယမှာလည်း စစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်၏ ဆွာရဂျ်ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းမှာလည်း ဂန္ဒီနဲ့ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၁ နောက်ပိုင်း ဂန္ဒီ၏ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီးလေ့လာနိုင်တယ်။

အရှေ့တောင်အာရှ အမျိုးသားလှုပ်ရှားမှုမှာလည်း နိုင်ငံအလိုက် သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှနိုင်ငံတွေရဲ့ အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်ကိုချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေးမယ့် မအောင်မြင်ခဲ့တဲ့ အခြေအနေကိုတွေ့ရတယ်။ ဒါကြောင့်နိုင်ငံတချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ စာမျက်နှာ ၁၇ သို့ ■

# “ငြိမ်းချမ်းမှုအတွက် ရေဒီယို၏ စွမ်းအား” အသိပညာမျှဝေမှုဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ အွန်လိုင်းဖြင့် ပါဝင်တက်ရောက်



နေပြည်တော် ဖေဖော်ဝါရီ ၁၆

အာရှနှင့် ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများ၏ ရုပ်သံနှင့်မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Asia-Pacific Institute for Broadcasting Development - AIBD) ၏ မလေးရှားနိုင်ငံမှ စီစဉ်ကျင်းပသည့် “ငြိမ်းချမ်းမှုအတွက် ရေဒီယို၏ စွမ်းအား” အသိပညာမျှဝေမှု ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အာရှ - ပစိဖိတ်ဒေသတွင်းနိုင်ငံများမှ ကိုယ်စားလှယ်ပေါင်း ၆၀ ခန့်နှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းလေးဦး တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲကို ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်မှုကို ထောက်ခံအားပေးရန်အတွက် အရေးကြီးသော ဆက်သွယ်ရေး မီဒီယာတစ်ခုအဖြစ် ရေဒီယိုအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို မီးမောင်းထိုးပြရန်နှင့် ဒေသတွင်း ရုပ်သံထုတ်လွှင့်သူများအတွက် ပလက်ဖောင်းတစ်ခု ပံ့ပိုးပေးနိုင်ရန် အဓိကရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

**မျှဝေဆွေးနွေး**

ဆွေးနွေးပွဲတွင် ရေဒီယိုလုပ်ငန်းသည် ပဋိပက္ခနှင့် အကြမ်းဖက်မှုများ ဖြစ်ပွားစေသော အကြောင်းရင်းခံများနှင့် အကျိုးဆက်များအကြောင်း ပြည်သူလူထုအား ပြန်ကြားပေးနိုင်မှုနှင့် ပညာပေးနိုင်မှုများ၊ အုပ်စုအမျိုးမျိုးအကြားတွင် နားလည်မှုနှင့် သည်းခံနိုင်မှုတို့ကို မြှင့်တင်နိုင်မှုများ၊ ငြိမ်းချမ်းမှုကို မြှင့်တင်ရာတွင် ရေဒီယို၏ အခန်းကဏ္ဍ၊ ဘေးအန္တရာယ်နှင့် အကျပ်အတည်း စီမံခန့်ခွဲမှုတွင် ရေဒီယို၏ အခန်းကဏ္ဍနှင့် ရေဒီယိုမှတစ်ဆင့် ငြိမ်းချမ်းမှုမြှင့်တင်ခြင်းကို ပညာပေးခြင်းဆိုင်ရာများအား မလေးရှား၊ ဗီယက်နမ်၊ တူနီးရှား၊ နီပေါနှင့် အိန္ဒိယနိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များက အမြင်ချင်း ဖလှယ်ကာ မျှဝေဆွေးနွေးကြသည်။

AIBD သည် ယူနက်စကို၏ လက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အာရှနှင့် ပစိဖိတ်ဒေသတွင်းရှိနိုင်ငံများမှ ရုပ်သံနှင့်မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဒေသတွင်းရှိ Free to Air Broadcaster များနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ Full Member အဖွဲ့အစည်း ၄၈ ဖွဲ့နှင့် အာရှ ပစိဖိတ်၊ ဥရောပ၊ အာဖရိက၊ အာရပ်နှင့် မြောက်အမေရိက စသည့် ဒေသများရှိ မိတ်ဖက်အဖွဲ့အစည်းပေါင်း ၅၀ ကျော်ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ၁၉၇၇ ခုနှစ်မှစ၍ တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး AIBD မှ ကြီးမှူးကျင်းပသည့် အစည်းအဝေးများ၊ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ သင့်လျော်သလိုစိစစ်ပြီး ပါဝင်တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

■ စာမျက်နှာ ၁၆ မှ

အရင်းရှင်စနစ်ရဲ့ အကြမ်းတမ်းဆုံးနဲ့အဆိုးရွားဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို လေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလောအကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုတယ်။ စစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံအကြောင်းရင်းများမှာ

- အရင်းရှင်နိုင်ငံအချင်းချင်းပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီး အားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများအပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားလာခြင်း

တို့ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန်ပြည်တွင်းစစ်၊ ဩစတြီးယားကို သိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကို သိမ်းပိုက်ခြင်း စသည်တို့ဖြစ်တယ်။ ဒါတွေကို တစ်ခုချင်းလေ့လာရမှာဖြစ်တယ်။ အဆိုပါ ကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ကျူးကျော်လိုက်ရာမှတစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့ လိုအပ်တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ် ကျယ်ပြန့်လာတယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေး စစ်ပွဲများဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့ သမိုင်းဖြစ်ရပ်တစ်ခုဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့ စစ်အေးဟာလည်း ထူးခြားတဲ့ သမိုင်းဖြစ်စဉ်တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှ ကင်းလွတ်ပြီး ထိပ်သီးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့တယ်။ စစ်ဒဏ်ကြောင့် အင်အားကျဆင်းခဲ့ရတဲ့ ဥရောပအင်အားကြီးနိုင်ငံများဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို စစ်ရေး၊ စီးပွားရေး အကူအညီများပေး၍ ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့ အုပ်စုကို အနောက်အုပ်စု (သို့) အရင်းရှင်အုပ်စု (သို့) လက်ယာအုပ်စုလို့ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီစတဲ့ အရှေ့ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး ဆိုဗီယက်ဦးဆောင်တဲ့အုပ်စုကို အရှေ့အုပ်စု(သို့) ကွန်မြူနစ်အုပ်စု (သို့) လက်ဝဲအုပ်စုလို့ခေါ်တယ်။ ဒီအုပ်စုနှစ်စုဟာ နိုင်ငံရေး၊ စီးပွားရေး ခံယူချက်တူညီမှုမရှိသကဲ့သို့ အမြင်ချင်းတူညီမှုလည်း မရှိတာကို တွေ့ရတယ်။

အနောက်ဥရောပနိုင်ငံများအနေနဲ့လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့ -

၁. မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂. အန်ဇတ် (ANZUS)
၃. အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄. ဗဟိုစာချုပ်အဖွဲ့ ( CENTO)

များဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံများမှာ ဆိုဗီယက်နိုင်ငံကဲ့သို့သော ကွန်မြူနစ်စနစ်အခြေခံသော စီးပွားရေးစီမံကိန်းများချမှတ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဝါဆော (Warsaw) စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများအပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင် တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာအရေးအခင်းတွေကတော့

၁. ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
၂. ကိုရီးယားစစ်
၃. စူးအက်အရေးအခင်း
၄. ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှားနိုင်ငံ အပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလ ပြီးဆုံးခြင်းခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ ခေါင်းစဉ်များဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို သိရှိရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များ ပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေးကြိုးပမ်းမှုများကို လေ့လာသိရှိရမှာဖြစ်တယ်။ အရှေ့တောင်အာရှသမိုင်းကိုလေ့လာရာမှာ အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း) ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

တက္ကသိုလ်ဝင်စာမေးပွဲ၊ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း (ဂ)၊ အပိုင်း (ဃ) ဟူ၍ အပိုင်းလေးပိုင်းပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ)၊ ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က) မေးခွန်းက အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ ငါးပုဒ်၊ ကမ္ဘာ့သမိုင်းမှ ငါးပုဒ်၊ စုစုပေါင်း ၁၀ ပုဒ်ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ တစ်မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ ၁၀ မှတ် ဖြစ်တယ်။

မေးခွန်းအပိုင်း (က) ၏ နံပါတ် ၁။ (ခ) မေးခွန်းမှာ အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင် ရေးပါဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ မြန်မာ့သမိုင်းမှ ငါးပုဒ်၊ ကမ္ဘာ့သမိုင်းမှ ငါးပုဒ်၊ စုစုပေါင်း ၁၀ ပုဒ်ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ တစ်မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ ၁၀ မှတ် ဖြစ်တယ်။

မေးခွန်းအပိုင်း (က) တစ်ခုလုံးဟာ ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်တဲ့အတွက် ယခုပညာသင်နှစ်အတွက် ပြဋ္ဌာန်းထားတဲ့ သင်ရိုးတစ်ခုလုံးကို လွှမ်းခြုံအောင်မေးထားတာဖြစ်တယ်။ ကျောင်းသူ ကျောင်းသားများရဲ့ဘာသာရပ်ပိုင်နိုင်မှုကို ဆန်းစစ်ထားတဲ့ မေးခွန်းများဖြစ်တယ်။

မေးခွန်းအပိုင်း (ခ) မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတိုလေးပုဒ်နဲ့ ကမ္ဘာ့သမိုင်း မှတ်စုတိုလေးပုဒ်တို့ပါရှိမှာ ဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို လေးပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတိုတစ်ပုဒ်ရမှတ်မှာ ငါးမှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ ၂၀ မှတ်ဖြစ်တယ်။

မေးခွန်းအပိုင်း (ဂ) မှာ မြန်မာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်းလေးပုဒ်ပါရှိမှာ ဖြစ်တယ်။ ယင်းလေးပုဒ်အနက်မှ ကြိုက်နှစ်သက်ရာနှစ်ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ ၁၅ မှတ်ဖြစ်ပြီး နှစ်ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ ၃၀ မှတ်ဖြစ်တယ်။

မေးခွန်းအပိုင်း (ဃ) မှာ ကမ္ဘာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်းလေးပုဒ်ပါရှိမှာဖြစ်တယ်။ ယင်းလေးပုဒ်အနက်မှ ကြိုက်နှစ်သက်ရာနှစ်ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်မှာ ၁၅ မှတ်ဖြစ်ပြီး နှစ်ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ ၃၀ မှတ် ဖြစ်တယ်။ မေးခွန်းအပိုင်း (ဂ) နဲ့ အပိုင်း (ဃ) ဟာ သမိုင်းကြောင်း အချက်အလက်များ၊ သမိုင်းစဉ်ဆက်စပ်မှုများကို မေးထားတဲ့ မေးခွန်းများဖြစ်တယ်။

ကျောင်းသူကျောင်းသားများကို မှာချင်တာကတော့-

၁။ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာအချက်အလက်များနဲ့ သမိုင်းစဉ်ဆက်စပ်မှုကို အထူးသတိထားပြီးလေ့လာရန်။
၂။ မေးခွန်းကို သေသေချာချာဖတ်ပြီး မေးခွန်းနဲ့သက်ဆိုင်ရာကိုသာ ရေးဖြေရန်လိုကြောင်း တင်ပြရင်းပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၄၀ | ၂၂၂၀ | ၂၃၂၀ | ၂၃၃၅ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၂၈၁၀ |
| 95 Ron | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၁၅ | ၂၂၉၅ | ၂၃၉၀ | ၂၄၀၅ | ၂၃၀၀ | ၂၃၁၅ | ၂၃၄၅ | ၂၃၄၅ | ၂၃၅၀ | ၂၅၇၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၅ | ၂၃၂၅ | ၂၃၃၀ | ၂၃၃၀ | ၂၅၆၀ | ၃၃၅၀ |
| HSD (50 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၀ | ၂၃၇၀ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၄၇၅ | ၂၄၇၀ | ၂၃၆၀ | ၂၃၇၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၁၀ | ၂၆၄၀ | ၃၃၇၅ |
| HSD (10 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၀ | ၂၃၇၀ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၄၇၅ | ၂၄၇၀ | ၂၃၆၀ | ၂၃၇၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၁၀ | ၂၆၄၀ | ၃၃၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၇၆ | ၂၁၅၁ |
| 95 Ron | ၂၁၄၇ | ၂၂၂၃ |
| HSD (500 ppm) | ၂၁၃၄ | ၂၂၀၆ |
| HSD (50 ppm) | ၂၂၀၇ | ၂၂၈၁ |
| HSD (10 ppm) | ၂၂၀၇ | ၂၂၈၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## တိုင်းဒေသကြီးအတွင်း တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ဌာနများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်

ပြည် ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုင်းဒေသကြီးအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် ဌာနများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အောင်နိုင်ဦးနှင့်တာဝန်ရှိသူများက ပြည်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(ပြည်)၊ ပညာရေးဒီဂရီကောလိပ်(ပြည်)၊ သူနာပြုသင်တန်းကျောင်း(ပြည်)၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်)တို့အတွက် ဂုဏ်ပြုဆုတံဆိပ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ထပ်ဆင့်ပေးအပ်ချီးမြှင့်သည်။




ဆက်လက်၍ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြည်ခရိုင်အတွင်း မြို့နယ်များဖြစ်သော ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်းနှင့်ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့အတွက် ဂုဏ်ပြုဆုများကို ယင်းမြို့နယ်အုပ်ချုပ်ရေးမှူးများထံသို့လည်းကောင်း၊ ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ (ပတ္တလား)အတီးပြိုင်ပွဲအတွက် ဂုဏ်ပြုဆုတံဆိပ်များကို ပြည်ခရိုင်မှ ဒုတိယဆုရ မကေသီထွန်းနှင့် တတိယဆုရ မအေးသံဇဉ်မိုးတို့ထံသို့လည်းကောင်း ထပ်ဆင့်ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုအား လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ထုတ်ပေး

ရွှေပြည်သာ ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ အလုပ်ခွင် ထိခိုက်မှုကြောင့်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာန ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော သရဖူအချိုရည်အလုပ်ဌာနမှ အာမခံအလုပ်သမား ဒေါ်သီတာသိမ့်သည် နေအိမ်မှစက်ရုံသို့အလာတွင် လမ်းခရီး၌ ယာဉ်မတော်တဆဖြစ်၍သေဆုံးခဲ့ခြင်းအတွက် ကျန်ရစ်သူအကျိုး ခံစားခွင့်ငွေ ၇၂၀၀၀၀၀ ကို ခင်ပွန်းဖြစ်သူ ဦးကျော်ဆန်းဝင်းအား ကျန်ရစ်သူအကျိုးခံစားခွင့်၊ ငွေလုံးငွေရင်းအကျိုးခံစားခွင့်များထုတ်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

○ ကျောဖုံးမှ

အဲဒီပွဲစဉ်မှာ အဝေးကွင်းကို လာရောက်ကစားခဲ့ရတဲ့ မန်စီးတီးအသင်းက ပထမပိုင်း ပွဲကစားချိန် ၂၄ မိနစ်မှာ ဒီဘရိုင်းရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး အာဆင်နယ်အသင်းက ပွဲကစားချိန် ၄၂ မိနစ်မှာ ဆာကာရဲ့ ပင်နယ်တီသွင်းဂိုးရရှိခဲ့လို့ ပထမပိုင်းပွဲကစားချိန်အပြီးမှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ ဒုတိယပိုင်းပွဲကစားချိန် ၇၂ မိနစ်မှာ ဂရီယယ်လစ်ရှ်နဲ့ ၈၂ မိနစ်မှာ ဟာလန်းတို့က တစ်ဂိုးစီ ထပ်မံသွင်းယူပေးနိုင်ခဲ့တာကြောင့် မန်စီးတီးအသင်းက အာဆင်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ မန်စီးတီးအသင်းကိုအနိုင်ရရှိခဲ့ရင်ပရီမီယာလိဂ်ဖလားရရှိဖို့ မျှော်လင့်နိုင်မယ့် အခွင့်အရေးရှိနေတာကြောင့် အကောင်းဆုံးပုံစံနဲ့ ပွဲထွက်လာခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းကလည်း လက်ရှိချန်ပီယံဂုဏ်ပုဒ်ကို ဆက်ထိန်းနိုင်ဖို့ ခြေကုန်ထုတ်ကစားခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အာဆင်နယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၂၃ ပွဲကစားပြီးချိန်မှာ ရမှတ် ၅၁ မှတ်ရရှိခဲ့ကာ ပွဲစဉ် ၂၂ ပွဲကစားထားတဲ့ အာဆင်နယ်အသင်းကလည်း ရမှတ် ၅၁ မှတ်ရရှိထားပေမယ့် မန်စီးတီးအသင်းက တစ်ပွဲလျော့ကစားထားတဲ့ အာဆင်နယ်အသင်းကို ရမှတ်တူဂိုးကွာခြားချက်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိထားတာ ဖြစ်ပါတယ်။

ငွေကြယ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# တောင်သူများ တွက်ခြေကိုက်ပြီး စိုက်ပျိုးသင့်သော အစေ့ထုတ်ပြောင်း



**မန္တလေး ဖေဖော်ဝါရီ ၁၆**

အစေ့ထုတ်ပြောင်းသည် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အဓိကဝယ်ယူနေသော သီးနှံတစ်မျိုးဖြစ်ပြီး ယခင်က ပြည်တွင်း၌ စက်မှုကုန်ကြမ်းသီးနှံအဖြစ်သာမက ပြည်တွင်း မွေးမြူရေးလုပ်ငန်းအတွက် အဓိကတိရစ္ဆာန်အစားအစာအဖြစ်လည်း စိုက်ပျိုးထုတ်လုပ်ခဲ့ကြသည်။ အစေ့ထုတ်ပြောင်းမှာ ပြောင်းစေ့၊ ပြောင်းဆန်သာမက ပြောင်းပင်နှင့် ပြောင်းရိုးများကို နွားစာအဖြစ်လည်းကောင်း၊ ပြောင်းဖတ်ကို ဆေးလိပ်တွင် အစီခံလုံးအဖြစ်လည်းကောင် အသုံးပြုကြသည်။ ယင်းအပြင် ပြောင်းစေ့ကို ခြွေပြီးနောက် အူတိုင်ကို ထင်းလောင်စာအဖြစ် အသုံးပြုနိုင်သကဲ့သို့ အခြားစွန့်ပစ်စရာမရှိသော သီးနှံဖြစ်သည့်အတွက်လည်း အလွန်ပင် အသုံးဝင်အကျိုးရှိသည်။

ယခုကဲ့သို့ အသုံးဝင် အကျိုးရှိသော အစေ့ထုတ်ပြောင်းကို လွန်ခဲ့သောနှစ်ပေါင်း ၃၀၊ ၃၅ နှစ်ခန့်မှစ၍ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တရုတ်နိုင်ငံသို့ အလုံးအရင်းဖြင့် တင်ပို့ရောင်းချခဲ့ရာမှ ယခုဆိုလျှင် ပြည်ပပို့ကုန်၏ ဈေးကွက်ဝင်သီးနှံအဖြစ် ဈေးကွက်ဝယ်လိုအားရှိသည့် သီးနှံဖြစ်သည့်အတွက် စိုက်ပျိုးမှုနည်းစနစ်များ ပြောင်းလဲတိုးတက် စိုက်ပျိုးလာပြီး အထွက်နှုန်းကောင်းသည့် အဆင့်မြင့်စပ်မျိုးများကိုလည်း အသုံးပြုစိုက်ပျိုးလာကြောင်း သိရသည်။

**နှစ်ရာသီစိုက်သီးနှံ**

မိုးရာသီနှင့် ဆောင်းရာသီတို့တွင် အစေ့ထုတ်ပြောင်းကို စိုက်ပျိုးကြသဖြင့် အစေ့ထုတ်ပြောင်းသည် နှစ်ရာသီစိုက်သီးနှံဖြစ်သည်။ အစေ့ထုတ်ပြောင်း မိုးသီးနှံကိုမေလ(သို့မဟုတ်) ဇွန်လတို့တွင် စိုက်ပျိုးပြီး စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ရိတ်သိမ်းကြကြောင်း သိရသည်။ မြင်းခြံခရိုင်အတွင်း လက်ရှိစိုက်ပျိုးနေသော အစေ့ထုတ်ပြောင်းမျိုးများမှာ CP 888၊ CP 989၊ CP 50 နှင့် ရေဆင်းစပ်မျိုးများအဖြစ် PA(339)မျိုးများကိုပါ စိုက်ပျိုးလာကြောင်း သိရသည်။ အစေ့ထုတ်ပြောင်းကို ကုန်းစိုက်နှင့် ကျွန်းစိုက်ဟူ၍ ဒေသအလိုက် စိုက်ပျိုးမှုများလည်း ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းသည် စိုက်ပျိုးသင့်သော သီးနှံဖြစ်သော်လည်း အရည်အသွေး၊ မှိုဆိပ်၊ အစိုဓာတ်စိုထိုင်းဆ၊ Pre & Post harvest storage ပိုင်းများတွင်လည်း သတိထားဆောင်ရွက်ရန်လိုကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်ရှိ ကြက်စာထုတ်လုပ်မှုဖြစ်စဉ်တွင် အစေ့ထုတ်ပြောင်းသုံးစွဲမှု ရာနှုန်းများပြားခြင်းနှင့် ပြည်ပဈေးကွက်ခိုင်မာမှုရှိသည့်အတွက် ပြောင်းဈေးနှုန်းမှာ ယခင်နှစ်တွင် တစ်တင်းလျှင် ကျပ် ၁၃၂၃၀ ဖြစ်ပြီး ယခုနှစ်ဈေးနှုန်းမှာ ကျပ် ၂၂၀၅၀ ဖြင့် ရောင်းဝယ်လျက်ရှိသည့်အတွက် ယခင်နှစ်ထက် နှစ်ဆနီးပါး ဈေးမြင့်တက်ခဲ့သောကြောင့် တောင်သူများအတွက် တွက်ခြေကိုက်သောသီးနှံဖြစ်၍ ပိုမိုတိုးချဲ့စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။



# ကျောက်ဆည်ခရိုင်၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ် စိုက်ပျိုးလာသော ပဲကြီး

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် စပါး၊ ငရုတ်၊ ကြက်သွန် စသည့် သီးနှံမျိုးစုံကို စိုက်ပျိုးသည့်အပြင် ပဲကြီးသီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ယခင်အချိန်က ပဲကြီးသီးနှံများကို အပိုဝင်ငွေ တိုးစေရန်အလို့ငှာ လယ်ကန်သင်းများတွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခဲ့ရာမှ ယခုအချိန်တွင် လယ်မြေယာမြေများ၌ စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်တွင် ပဲကြီး ၁၉၂၇ ဧက စိုက်ပျိုးထားရှိပြီး ဧက ၈၆၀ ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ ကျောက်ဆည်မြို့နယ်ရှိ ရဲကြီးကျေးရွာ၊ အရှေ့သပြေသာကျေးရွာတို့တွင် ပဲကြီးအများဆုံး စိုက်ပျိုးပြီး ယခင်က အခြားရွာများတွင် ပဲကြီးကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးခဲ့ရာမှ ယခုအချိန်၌ စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း သိရသည်။

တစ်ဧကကုန်ကျစရိတ်မှာ ပဲကြီးမျိုး၊ လုပ်သားခ၊ သွင်းအားစုများ အပါအဝင် စုစုပေါင်း ကျပ် ၅၀၀၀၀၀ ခန့် ကုန်ကျပြီး အထွက်နှုန်းမှာ ၁၃ တင်းခန့် ထွက်ရှိကြောင်း၊ ပဲကြီးထွက်ပေါ်စတွင် အခွံခွာပြီးသော ပဲကြီးအစို တစ်ပြည်လျှင် ကျပ် ၄၀၀၀ ဈေးရရှိပြီး ယခု လှိုင်လှိုင်ပေါ်ချိန်တွင် ပဲကြီးအစိုတစ်ပြည်လျှင် ကျပ် ၂၀၀၀ ဈေးနှုန်းများဖြင့်သာ ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ ယခင်နှစ်တွင် ပဲကြီးအခြောက်တစ်တင်းလျှင် ကျပ် ၆၅၀၀၀ ရှိခဲ့ရာ ယခုနှစ်တွင် ပဲကြီးအခြောက်တစ်တင်းလျှင် ကျပ် ၈၀၀၀၀ ဖြစ်ပြီး ပဲကြီးစိုက်တောင်သူများအနေဖြင့် ဝင်ငွေတိုးပွားလျက်ရှိကြောင်း သိရသည်။

# မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မြိတ် ဖေဖော်ဝါရီ ၁၆**

မြိတ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၁၄ ရက်တွင် ကြက်သွန်ဖြူတန်ချိန် ၇ ဒသမ ၂ တန်၊ ကြက်သွန်နီတန်ချိန် ၉၆ တန်နှင့် ငါးအသားလွှာ ၅ ဒသမ ၇၆ တန် တင်ပို့ခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြိတ်ဒေသတွင် သုံးစွဲလျက်ရှိသည့် စက်သုံးဆီများအား ထိုင်းနိုင်ငံမှ တင်သွင်းသုံးစွဲလျက်ရှိရာ ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၅ ရက်အတွင်း ဒီဇယ်ဆီ တန် ၁၀၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၅ ရက် ပြင်ပငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ၈၅ ဒသမ ၁၅ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

# ရေတာရှည်မြို့၌ အောင်မြင်လျက်ရှိသော ဒေါ်စိန်ဝက်အူချောင်း

**တောင်ငူ ဖေဖော်ဝါရီ ၁၆**

ရေတာရှည်မြို့ အမှတ်(၂) ရပ်ကွက် ဗိုလ်ချုပ်လမ်းမှ ဒေါ်စိန်ဝက်အူချောင်း လုပ်ငန်းသည် အောင်မြင်လျက်ရှိသည့်အသေးစားအိမ်တွင်း စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ဝက်အူချောင်းပြုလုပ်ရာတွင် လိုအပ်သောပစ္စည်းများမှာ ဆိတ်အူ၊ ဝက်သား၊ အချိုမှုန့်၊ သကြား၊ ဆားနှင့် ယမ်းစိမ်းတို့ဖြစ်ပြီး ဆိတ်အူကို မန္တလေးတိုင်းဒေသကြီးမှ မှာယူရပြီး ဝက်သားနှင့်အခြားပါဝင်ပစ္စည်းများကို ရေတာရှည်မြို့မှ ဝယ်ယူကြောင်း သိရသည်။

ဝက်အူချောင်း ထုတ်လုပ်ရာတွင် ဝက်သားပိဿာချိန် ၂၀ ကို အရိုးများ ဖယ်ထုတ်၍ ဓားဖြင့် နုပ်နုပ်စဉ်းပြီး အသားကြိတ်စက်ဖြင့် ထပ်မံကြိတ်ရကြောင်း၊ ထို့နောက် ကြိတ်ထားသော



ဝက်သားများထဲသို့ အချိုမှုန့်၊ ဆား၊ သကြား၊ ယမ်းစိမ်းများကို အချိုးကျ ထည့်နယ်ပြီး ဆားရည်စိမ်ထားသော ဆိတ်အူထဲသို့ အသားညှစ်စက်ဖြင့် သွတ်သွင်းကာ မီးလင်းဖိုထဲတွင် အခြောက်ခံ အပူပေးခြင်းအားဖြင့် ဝက်အူချောင်းများရရှိကြောင်း သိရသည်။

**ကုန်ကျ**

ဝက်အူချောင်း တစ်ကြိမ်ထုတ်လုပ်လျှင် ၉ ပိဿာရပြီး တစ်လလျှင် ၆ ကြိမ် ထုတ်လုပ်ရကြောင်း သိရသည်။ ထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ဝက်သား ပိဿာ ၂၀၊ ငွေကျပ် ၂၀၀၀၀၀၊ အချိုမှုန့်၊ သကြား၊ ယမ်းစိမ်း၊ ဆား၊ ဆိတ်အူ၊ စက္ကူ/ပလတ်စတစ်အိတ်နှင့် လုပ်သားခ စုစုပေါင်း ငွေကျပ် ၂၅၅၈၀၀ ကုန်ကျကြောင်း သိရသည်။

# တနင်္သာရီတိုင်းဒေသကြီးရှိ ဂျင်း(သွေးဂုံး) သားပေါက်များ ဈေးကောင်းရ

**ကျွန်းစု ဖေဖော်ဝါရီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆၀ ကျော်အနက် နုန်းမြေကောင်းသည့် ကျေးရွာအများစုတွင် ဂျင်း(သွေးဂုံး)ကို စီးပွားဖြစ် ကျယ်ကျယ်ပြန့်ပြန့်မွေးမြူလာပြီး ဂျင်း(သွေးဂုံး) သားပေါက်များ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

ဂျင်း(သွေးဂုံး) သားပေါက်တို့သည် ရေကန်တောင်ကျေးရွာတွင်



အများဆုံး ထွက်လေ့ရှိပြီး ဂျင်း(သွေးဂုံး) မွေးမြူခြင်းလုပ်ငန်းအတွက် သားပေါက်များ အများအပြားဝယ်ယူပြီး ပြန်လည်ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင် ဂျင်း(သွေးဂုံး) သားပေါက်ရှားပါးခြင်းနှင့် အများအပြား ဝယ်ယူခြင်းကြောင့် ဈေးတက်သွားခြင်းဖြစ်ကြောင်း၊ ယခင်က တစ်ခြင်းလျှင် အထိုင်ဈေး ကျပ်နှစ်သိန်းကျော်သာရှိပြီး ဂျင်း(သွေးဂုံး) သားပေါက် အရနည်းခြင်း၊ စောင့်ဆိုင်းရခြင်းကြောင့် တစ်ဆင့်ခံရောင်းချသူများက ကျပ် လေးသိန်းကျော်ဖြင့် ပြန်လည်ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ယခင်နှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ဂျင်း(သွေးဂုံး) သားပေါက်(၂၅ ကီလိုပါ) တစ်ခြင်းလျှင် ကျပ် နှစ်သိန်းခန့်သာ ဈေးရှိခဲ့ပြီး လက်ရှိအချိန်တွင် ကျွန်းစုမြို့နယ်၌ ဂျင်း(သွေးဂုံး) သားပေါက် (၂၅ကီလိုပါ) တစ်ခြင်းလျှင် ကျပ်လေးသိန်းကျော်အထိ ပေါက်ဈေးရှိပြီး ဈေးကောင်းရလျက်ရှိကြောင်း၊ ဂျင်း(သွေးဂုံး) သားပေါက် တစ်ကီလိုလျှင် ကျပ် ၁၈၀၀၀ မှ ၃၀၀၀၀ ခန့်ရှိပြီး ဈေးကွက်ဝင် ဂျင်း(သွေးဂုံး) အကောင်ကြီး တစ်ကီလိုလျှင် ကျပ် ၆၅၀၀ ခန့်ရှိကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံသို့ မော်တောင်နယ်စပ်ဂိတ်မှတစ်ဆင့် အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

# ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကုန်သွယ်မှုအခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ကန်ပိုက်တီ ကုန်သွယ်ရေးစခန်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကုန်သွယ်မှု လျာထားချက်မှာ ပို့ကုန် ၂၁၅ ဒေါ်လာသန်းနှင့် သွင်းကုန် ၁၀ ဒေါ်လာသန်းဖြင့် စုစုပေါင်း ၂၂၅ ဒေါ်လာသန်းဖြစ်ပြီး ဖေဖော်ဝါရီ ၁၄ ရက်အထိ အမှန်ဆောင်ရွက်မှုအနေဖြင့် ပို့ကုန် ၇၃ ဒသမ ၂၉၁ ဒေါ်လာသန်း၊ သွင်းကုန် ၁၀ ဒသမ ၄၄ ဒေါ်လာသန်းဖြင့် စုစုပေါင်းကုန်သွယ်မှု ၈၃ ဒသမ ၇၂၇ ဒေါ်လာသန်း ရရှိပြီးဖြစ်သည်။

ဘဏ္ဍာနှစ်လျာထားချက်အပေါ် ပို့ကုန် ၃၄ ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ခဲ့ပြီး သွင်းကုန် ၁၀၄ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ ပို့ကုန်ပိုင်းလျာထားချက်အပေါ် ဆောင်ရွက်နိုင်မှု လျော့နည်းနေခြင်းမှာ ယခုနှစ်တွင် ဒေသတွင်းတစ်သျှူးငှက်ပျော စိုက်ပျိုးထွက်ရှိမှုနှင့် တင်ပို့မှုမှာ ယခင်နှစ်များထက် လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်သည်။

**သတင်းအရင်းအမြစ်**
**စီးပွား/ကူးသန်း**

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ အိမ်အမှတ်(၁/၃၁)နေ မောင်ဆီးလေဒီး (ခ) မောင်ဆီးလေဒီ [၁/မကန(နိုင်)၁၂၃၃၇၈] သည်တစ်ဦးတည်း ဖြစ်ပြီး ၎င်း၏ဖခင် ဦးဖူးဟူဒွေ(ခ)ဦးဖူဟူးဒွေ (ခ)ဦးဖူဟူးဒေါ် [၁/မကန(နိုင်)၀၁၃၅၄၈၅]သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစန်းလွင် [၁၂/ဒပန(နိုင်)၀၄၀၈၄၂] ကိုင်ဆောင်သော SIRB No.102256 RSCRB လက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph-09-778529930**

## အမည်မှန်

မြစ်ကြီးနားခရိုင်၊ အင်ဂျန်းယန်မြို့နယ်၊ ဘွမ်နင်ယန်ကျေးရွာနေ အဖ ဦးဇော်ယော် [၁/မကန(နိုင်)၁၁၉၆၂၉] ၏ သမီး မစောမ်မျိုးထွယ်၏ အမည်မှန်မှာ မZ.ဒိုင်နော(ခ) မေရီအောင် ဖြစ်ပါသည်။

## အမည်မှန်

ဝါးခယ်မမြို့နယ်၊ သီလှချောင်းကျေးရွာနေ အဖ ဦးစိန်ဝင်း[၁၄/ဝခမ(နိုင်)၀၉၁၈၁၀]၏သား အမည်မှန်မှာ မောင်တင်ကိုလင်း[၁၄/ဝခမ(နိုင်)၂၆၇၉၄၉] ဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည့် ပျဉ်းမနား-တောင်ညိုလမ်းဘေး ၁၀ပေ အကျယ် ပလက်ဖောင်းတိုးချဲ့ပြုလုပ်ခြင်းလုပ်ငန်း Lot(၃)ခုအား အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - ၁၇-၂-၂၀၂၃ ရက် |
| တင်ဒါပုံစံပိတ်မည့်ရက် | - ၂၃-၂-၂၀၂၃ ရက်၊ (၁၆:၀၀)နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော် စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန(လမ်း/တံတား)၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇၊ ၀၉-၇၇၇၇၇၇၄၈၅

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ လူနေရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၄၂၀/ ခ)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ(၁၆)လမ်း၊ အမှတ်(၄၂၀/ခ) ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ပိုင်ရှင် ဦးသိန်းစိုး[၈/မနမ(နိုင်)၀၅၄၆၀၆]ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ငုဝါအောင်[၁၂/ဥကတ(နိုင်)၁၅၁၀၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်ဝင်းဦး(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၂၇)**
**အမှတ်(C-2A)၊ အခန်းအမှတ်(၁၁၀)၊Botahtaung Time Squareအိမ်ရာ၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၅၁၇၈၀၁၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/ရွှေကြာပင်)ရှိ ဦးမျိုးရန်ပိုင်(ဘ) ဦးမျိုးသန့် [၁၂/မဘန(နိုင်)၀၀၁၃၆၇] အမည်ပေါက် မြေကွက်အမှတ်(၃၅၁)၊ ဧရိယာ(၀.၀၈၂)ဧက၏ မြေပေးမိန့်(မူရင်း) ပျောက်ဆုံးသွားသဖြင့် မြေပေးမိန့်(မိတ္တူမှန်) ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက်သူမှ မြေပေးမိန့်မိတ္တူ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဝန်ခံကတိပြုချက်၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ (၃)ဦး ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်(မိတ္တူမှန်) လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒုတိယဗိုလ်မှူးကြီးချစ်ဦး (၁၂/ဒဂန (နိုင်) ၀၁၀၃၅၆)
## ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်(၆၈၁)၊ ဧရိယာ အလျား(၄၀)ပေ x အနံ(၆၀)ပေ မြေကွက်အား ဒုတိယဗိုလ်မှူးကြီးချစ်ဦး(၁၂/ဒဂန (နိုင်) ၀၁၀၃၅၆) ကိုင်ဆောင်သူမှအမည်ပေါက်လျက်ရှိပါသည်။ ဖော်ပြပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးမျိုးခိုင်(၁၄/မမက(နိုင်)၀၀၀၂၇၇)မှအမည်ပေါက်ပိုင်ရှင်ထံမှ တရားဝင်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်ခဲ့ပါသည်။ ယခုအချိန်တွင် ယင်းမြေကွက်နှင့်ပတ်သက်၍ တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်လိုအပ်သည့်အတွက် လူကြီးမင်းမှမှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား (၇)ရက်အတွင်း လာရောက်ချုပ်ဆိုပေးရန်တောင်းဆိုအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းမော် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၄၈၇)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၃၈၈၄**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး
## မြောက်ဥက္ကလာပ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြောက်ဥက္ကလာအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးမှ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်တွင် ကင်ဆာဆေးဝါးများ ဝယ်ရန်အတွက် တရားဝင်အသိအမှတ်ပြု လိုင်စင်ရ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| ၂။ | ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - ၁၃-၂-၂၀၂၃ (တနင်္လာနေ့) |
| | တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - ၂၇-၂-၂၀၂၃ (တနင်္လာနေ့)၊ ညနေ (၄:၀၀)နာရီ |

၃။ အိတ်ဖွင့်တင်ဒါနှင့် သက်ဆိုင်သည့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီအဖွဲ့**
**မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့်**
**သင်ကြားရေးဆေးရုံကြီး**
**ဖုန်း-၀၁-၉၆၉၉၄၂၂၊ ၀၁-၉၆၉၉၄၂၃**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ တိုက်အမှတ်(၃၄)၊၂ခန်းတွဲ/လေးလွှာ၊အကျယ်အဝန်း(၃၀x၅၀)ပေရှိရေမီးစုံတိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဥမ္မာဝင်း [၁၄/သမန(နိုင်)၀၀၀၀၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သော့ခ်တာပါရ် [၄/ဟခန(နိုင်)၀၄၃၈၆၄]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအုပ်လင်း(LL.B,LL.M,MRes,PhD)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၄၂၃)**
**တိုက်အမှတ်(၄၅)၊ ၅-လွှာ(ဘီ)၊ (၅၁)လမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၄၆၇၀၂၃၉**

## “ဦးသိန်းဇော်[၁၂/ခရမ(နိုင်)၁၂၆၉၆၇]နှင့် အများသိစေရန် ကြေညာခြင်း”

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ အာသာဝတီ(၆)လမ်း၊ အိမ်အမှတ်(ဒ-၃၁၉၃၅)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝါဝါလှိုင် (ဘ) ဦးခင်မောင်သန်း [၇/ကပက(နိုင်)၀၇၄၃၇၄]၊ (၄၁)နှစ်၊ MD, Myanmar Super Ray Co, Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည် -

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ အာသာဝတီ(၆)လမ်း၊ အိမ်အမှတ်(ဒ-၃၁၉၃၅)၌ ဒေါ်ဝါဝါလှိုင်သည် Myanmar Super Ray Co, Ltd. လျှပ်စစ်ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းလုပ်ငန်းကို မန်နေဂျင်းဒါရိုက်တာရာထူးဖြင့် လုပ်ကိုင်သူဖြစ်ပါသည်။ (၂၀၂၀)ပြည့်နှစ်၊ မေလ၌ ဒေါ်ဝါဝါလှိုင်သည် ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ညောင်ပင်သာကျေးရွာနေ ဦးသိန်းဇော်(ဘ)ဦးကြည်ဝင်း [၁၂/ခရမ(နိုင်)၁၂၆၉၆၇]၊ (၃၆)နှစ်(ယခုနေရပ်လိပ်စာမသိ) ကို အထက်ဖော်ပြပါ နေပြည်တော်ရှိ ကုမ္ပဏီ၌ Site Engineer ရာထူးဖြင့် ခန့်အပ်ခဲ့ပြီး၊ လုပ်ငန်းရှိရာနေရာများသို့ နယ်လှည့်စေခိုင်းခဲ့ပါသည်။ (၁၈-၁၁-၂၀၂၀)၌ ဒေါ်ဝါဝါလှိုင်သည် ရုံးအမှတ်(၂၇)၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နေပြည်တော်မှ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိကျေးရွာများ၌ 11KV လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်းလုပ်ငန်း 11/0.4KV ထရန်စဖော်မာတည်ဆောက်ခြင်းလုပ်ငန်းများလုပ်ကိုင်ရန်အတွက် တင်ဒါအောင်မြင်ခဲ့ပါသည်။ ဒေါ်ဝါဝါလှိုင်သည် နေပြည်တော်၊ သာဝတ္တိလုပ်ငန်းခွင်၌ လုပ်ကိုင်နေသူ ဦးသိန်းဇော်ကို ယုံကြည်ပြီး နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ကုမ္ပဏီရှိရာမှ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအချို့သို့ လျှပ်စစ်ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အပ်နှံစေလွှတ်ခဲ့ပါသည်။ (၂၀၂၁)ခုနှစ် ဇန်နဝါရီလ၌ ဒေါ်ဝါဝါလှိုင်သည် ဦးသိန်းဇော်ကို ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်အတွင်းရှိ MOEE-NEP-P2/C1-W7/2020(Lot-3)၌ ပါဝင်သော ကျေးရွာ(၈၃)ရွာအနက် အိမ်မဲမြို့နယ်အတွင်းပါဝင်သော ကျေးရွာ(၂၄)ရွာမှအပ ကျန်(၅၉)ရွာကို လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်းလုပ်ငန်း၊ ထရန်စဖော်မာတည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ရန် ယုံကြည်အပ်နှံခဲ့ပါသည်။ (၂၀၂၂)ခုနှစ်၊ ဒီဇင်ဘာလဆန်းတွင် ဦးသိန်းဇော်က ဒေါ်ဝါဝါလှိုင်ကို ၎င်းတာဝန်ယူသောလုပ်ငန်းပိုင်းပြီးစီးသည်ဟုပြော၍ ကျောက်တံခါးလုပ်ငန်းခွင်သို့ ပြောင်းရွှေ့လုပ်ကိုင်စေခဲ့ပါသည်။ (၂၀၂၂)ခုနှစ်၊ ဒီဇင်ဘာလဆန်း၌ ဝါးခယ်မမြို့နယ် လျှပ်စစ်အင်ဂျင်နီယာတာဝန်ရှိသူမှ ဦးသိန်းဇော် တာဝန်ယူသောလုပ်ငန်းမပြီးစီးကြောင်း ပြောပြသိရပါသည်။ (၂၀၂၂)ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်ခန့်၌ ဒေါ်ဝါဝါလှိုင်က ဝန်ထမ်း ဦးသိန်းဇော်ကို ကျောက်တံခါးလုပ်ငန်းခွင်မှ နေပြည်တော်၊ ဇေယျာသီရိလုပ်ငန်းခွင်သို့ ပြောင်းရွှေ့လုပ်ကိုင်စေပြီး၊ (၂၀၂၂)ခုနှစ်၊ ဒီဇင်ဘာလကုန်ခန့်မှစ၍ ဒေါ်ဝါဝါလှိုင်သည် ဦးသိန်းဇော် တာဝန်ယူသောလုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်မှုရှိ/မရှိ သက်ဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးဝင်းသိန်းကို စုံစမ်းစစ်ဆေးခိုင်းခဲ့ရာ၊ (၆-၂-၂၀၂၃)၌ ဦးသိန်းဇော်သည် လုပ်ငန်းခွင်အသုံးပြုသော ACSR 95 $mm^2$ (၄၇)လုံးကို အလွဲသုံးစားပြု၊ ကိုယ်ကျိုးသုံးစွဲခဲ့ကြောင်းသိရပါသည်။ ဆက်လက်စုံစမ်းစစ်ဆေးခဲ့ရာ ဦးသိန်းဇော်သည် ဒေါ်ဝါဝါလှိုင် ယုံကြည်အပ်နှံထားသော ACSR 95 $mm^2$ (၄၇)လုံး၊ အထွေထွေလုပ်သားလုပ်အားခ၊ ကားဆီဖိုး၊ ကားစက်ပြင်စရိတ်၊ ဘီလပ်မြေတို့အတွက် စုစုပေါင်းတန်ဖိုး(၅၀၆၀၈၅၇၀ဝိ/-)(သိန်းငါးထောင့်ခြောက်ဆယ်ရှစ်သောင်းငါးထောင်ခုနစ်ရာကျပ်တိတိ)ခန့် အလွဲသုံးစားပြု ကိုယ်ကျိုးသုံးစွဲခဲ့ကြောင်း သိရပါသည်။ (၁၅-၂-၂၀၂၃) ရက်နေ့ နေပြည်တော်၊ ဒက္ခိဏသီရိမြို့၌ ဦးသိန်းဇော်က ဒေါ်ဝါဝါလှိုင်သို့ အလွဲသုံးစားပြုငွေဖြင့် ဝယ်ယူထားသော NISSAN 7C/5619 အဖြူရောင်ကား(၁)စီး၊ Wheel Tax, Owner Book. ယာဉ်မောင်းလိုင်စင်၊ မှတ်ပုံတင်၊ မြေကွက်(၂)ကွက်ဝယ်ယူထားသောစာချုပ်တို့ကို ပေးအပ်ပြီး၊ ထွက်ပြေးသွားခဲ့ပါသည်။ ဦးသိန်းဇော်သည် အထက်ဖော်ပြပါအကြောင်းအရာများနှင့်ပတ်သက်၍ ဒေါ်ဝါဝါလှိုင်ထံသို့ လာရောက်ပြီး၊ အမြန်ဆုံးဖြေရှင်းရန်(ပျက်ကွက်ပါက) ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း ဒေါ်ဝါဝါလှိုင်က ဦးသိန်းဇော်ကို ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း၊ ဦးသိန်းဇော်နှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဦးသိန်းဇော် နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **Myanmar Super Ray Co, Ltd.** | **ဒေါ်ထက်ထက်အောင်(LL.B)** |
| **(၎င်းအတွက် ဒေါ်ဝါဝါလှိုင်၊** | **တရားလွှတ်တော်ရှေ့နေ** |
| **မန်နေဂျင်းဒါရိုက်တာ)** | **(စဉ်-၁၅၉၁၇)(၃-၉-၂၀၁၉)** |
| | **အမှတ်(၁) ရပ်ကွက်၊ လယ်ဝေးမြို့။** |
| | **Ph:09-420684060** |

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၅၀-ရပ်ကွက်၊ ဒူးယား(၂)လမ်း၊ အမှတ်(၆၅၅)ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀၊ မြေကွက်အမှတ်-၆၅၅၊ အကျယ်(၄၀'x ၆၀')၊ မြေအမျိုးအစား-ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးသိန်းဖေ(AC-၀၁၁၇၂၈) အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဦးစိန်ဝင်း[၁၃/လရန(နိုင်)၀၀၅၁၆၀]က မိမိတစ်ဦးတည်းဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊အဝေရာလမ်း၊မြေကွက်အမှတ်(၂၆၄)၊အကျယ်အဝန်း(၄၀ပေX၆၀ပေ)ရှိဦးသော်အမည်ပေါက်သည့်ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့ကိုတရားဝင်ဝယ်ယူ၍လက်ဝယ်ထားပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုသူဒေါ်ဝင်းသီတာ(၉/မရတ(နိုင်)၁၁၄၁၃၅)ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | | |
|---|---|---|
| ဦးအောင်ကျော်ထွန်းLL.B.,LL.M. | ဦးကောင်းထက်အောင် LL.B. | ဦးကျော်ကိုကိုလွင် LL.B. |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၀၁) | အထက်တန်းရှေ့နေ(စဉ်-၅၂၃၆၈) |
| ဒေါ်ချိုလွင်လွင်အောင်LL.B. | ဒေါ်ထက်မြတ်မိုး LL.B. | ဒေါ်မြတ်မြတ်သွယ် LL.B. |
| အထက်တန်းရှေ့နေ (စဉ်-၅၃၇၃၁) | အထက်တန်းရှေ့နေ(စဉ်-၅၂၆၆၁) | အထက်တန်းရှေ့နေ(စဉ်-၅၃၅၀၃) |

AUNG HTOO CHUN LAW FIRMတိုက်အမှတ်(၁၅၇/၁၆၉)၊အခန်းအမှတ်-B-2ပထမထပ်၊ ၃၆လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ဖုန်း၀၉၄၀၈၁၈၅၅၉၉၉။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၆၈)၊မြနန္ဒာလမ်း၊မြေကွက်အမှတ်(၇၀၃)၊အကျယ်အဝန်း(၄၀ပေX၆၀ပေ)ရှိဦးစိုးလှိုင်အမည်ပေါက်သည့်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့ကိုတရားဝင်ဝယ်ယူ၍လက်ဝယ်ထားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူဦးထွန်းကိုကို(၁၂/ကမရ(နိုင်)၀၁၄၂၇၅)ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှု မရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | | |
|---|---|---|
| ဦးအောင်ကျော်ထွန်းLL.B.,LL.M. | ဦးကောင်းထက်အောင် LL.B. | ဦးကျော်ကိုကိုလွင် LL.B. |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၀၁) | အထက်တန်းရှေ့နေ(စဉ်-၅၂၃၆၈) |
| ဒေါ်ချိုလွင်လွင်အောင်LL.B. | ဒေါ်ထက်မြတ်မိုး LL.B. | ဒေါ်မြတ်မြတ်သွယ် LL.B. |
| အထက်တန်းရှေ့နေ (စဉ်-၅၃၇၃၁) | အထက်တန်းရှေ့နေ(စဉ်-၅၂၆၆၁) | အထက်တန်းရှေ့နေ(စဉ်-၅၃၅၀၃) |

AUNG HTOO CHUN LAW FIRMတိုက်အမှတ်(၁၅၇/၁၆၉)၊အခန်းအမှတ်-B-2ပထမထပ်၊ ၃၆လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ဖုန်း၀၉၄၀၈၁၈၅၅၉၉၉။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀တောင်အိမ်ရာ)၊ မြေကွက်အမှတ်(၄၂၃/ခ)ဟုခေါ်တွင်သော အမှတ်(၄၂၃/ခ)၊ ရတနာပုံ(၅)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ အကျယ်အဝန်း(အလျား ၂၀'x အနံ ၆၀')စတုရန်းပေ(၁၂၀၀)၊ ဧရိယာ(၀.၀၂၇)ဧကရှိ နှစ်(၆၀)မြေငှားဂရန်စာချုပ်အမျိုးအစားမြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးတင်အေး အမည်ပေါက်အဖြစ် တည်ရှိပါသည်။ ဦးတင်အေးကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသောဇနီး ဒေါ်သန်းအေးထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်အေးအေးအောင်[၁၂/သကတ(နိုင်)၀၀၂၀၄၀]မှ လက်ဝယ်ထားပိုင်ဆိုင်ကြောင်း စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ငြိမ်းအောင် LL.B,LL.M(International Law), WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၉)**
**အမှတ်(၆၈၁)၊ ဝေဇယန္တာအနောက်(၁၅)လမ်း၊ ၆ အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၄၂၀၀၇၇၃၁၅၊ ၀၉ ၄၂၀၁၈၀၆၀၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် လစ်လပ်လျက်ရှိသော ဒု-စာရင်းစစ်မှူးရာထူး (လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ( ၄၄၆)နေရာအတွက် အောက်ပါ သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ပညာအရည်အချင်း | ဦးရေ | လျှောက်ထားနိုင်သည့်နေရာ |
|---|---|---|---|
| (က) | ဝါဏိဇ္ဇဘွဲ့(B.Com)/စာရင်းကိုင်ပညာဘွဲ့(B.Act)/စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A) | ၃၀၅ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး / ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ |
| (ခ) | ဥပဒေဘွဲ့ (LL.B) | ၆ | -စဉ်(ခ)မှ(ဈ)ထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| (ဂ) | ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [B.A(Eng)] | ၁၄ | |
| (ဃ) | သိပ္ပံဘွဲ့ (သင်္ချာ) [B.Sc(Maths)] | ၆ | |
| (င) | ဝိဇ္ဇာဘွဲ့(စာကြည့်တိုက်နှင့်သုတပညာ) [B.A(Library and Information Studies)] ရရှိပြီးသူ | ၁ | |
| (စ) | ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc) | ၅၇ | |
| (ဆ) | ကွန်ပျူတာနည်းပညာဘွဲ့(B C.Tech) | ၂၈ | |
| (ဈ) | နည်းပညာဘွဲ့ (B.Tech) | ၂၉ | |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၁-၁-၂၀၂၃ ရက်နေ့တွင် အသက် (၃၀) နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) အမှတ်စဉ်-၁၊ ( စ မှ ဈ) အတွက် Web Design Programming Language Networking နှင့် System ပိုင်း ကျွမ်းကျင်သူဖြစ်ရမည်။

(စ) ခန့်ထားခြင်းခံရသူများသည် အနည်းဆုံး ၅ နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိခံဝန်ချက် လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး အခြားဌာနများသို့ ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခြင်းကို ခွင့်မပြုပါ။

(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပယ်ခြင်း (Dismissal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမှာ တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ပြီး စာရင်းစစ်များလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း/ လက်ထောက် စာရင်းစစ်မှူးများ လုပ်ငန်းခွင်ဝင် ကျွမ်းကျင်မှုသင်တန်း/ လက်ထောက်စာရင်းစစ်မှူးများ စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း တက်ရောက်အောင်မြင်ပြီးသူဖြစ်ပါက လျှောက်ထားနိုင်သည်။

၄။ အောက်ဖော်ပြပါ သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်-

(က) အမည်

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ဂ) မွေးသက္ကရာဇ်

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(င) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်

(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်

(ဆ) အိမ်ထောင်ရှိလျှင် ခင်ပွန်း/ဇနီးအမည်

(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန

(ဈ) နိုင်ငံ့ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်

(ည) ဆက်သွယ်ရန်လိပ်စာနှင့်ဆက်သွယ်ရမည့် ဖုန်း / Viber နံပါတ်နှင့် Email Address (ရှိလျှင်)

(ဋ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံဖော်ပြရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များအား **ပူးတွဲ** ပေးပို့ရပါမည်-

(က) ဘွဲ့လက်မှတ်**မိတ္တူ** (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်**မိတ္တူ** (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်းပြန်တမ်းဝင်အရာရှိတစ်ဦး၏ ထောက်ခံချက်မူရင်း (၃လအတွင်း)

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း ထောက်ခံချက်**မူရင်း** (၃လအတွင်း)

(င) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်**မူရင်း** (၃လအတွင်း)

(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား**မိတ္တူ**

(ဆ) ၃ လအတွင်းရိုက်ထားသော ပတ်စ်ပို့ ဓာတ်ပုံ(၃)ပုံ (ဓာတ်ပုံကျောဘက်တွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)

(ဇ) မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုလွှာ

၆။ လျှောက်လွှာများကို သတ်မှတ်ထားသည့်ပညာအရည်အချင်းအလိုက် ၁၆- ၃ -၂၀၂၃ ရက်နေ့ အရောက် နောက်ဆုံးထား၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံး(သို့မဟုတ်) ညွှန်ကြားရေးမှူးချုပ်၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့်သုတေသနဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ်(၁၂) နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်(အမြန်ချောပို့)စနစ်ဖြင့်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။ သတ်မှတ်ရက် နောက်ပိုင်းမှ လက်ခံရရှိသည့် လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသည့် လျှောက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

၇။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရန်ဖြစ်ပြီး လျှောက်လွှာတစ်စောင်ကို အချိန်မီစေရန် ကြိုတင် မိတ္တူဟု ရေးသားပေးပို့နိုင်ပါသည်။

၈။ လျှောက်ထားသူများသည် ဘာသာရပ်တစ်ခုလျှင်(၂)နာရီမေးခွန်းဖြင့် ( ၂၂ - ၄ -၂၀၂၃)ရက် နံနက်(၉:၀၀နာရီ) တွင်အင်္ဂလိပ်စာနှင့်မြန်မာစာဘာသာရပ်များကိုလည်းကောင်း၊ မွန်းလွဲ (၂:၀၀နာရီ) တွင် အထွေထွေဗဟုသုတဘာသာရပ်ကိုလည်းကောင်း နေပြည်တော်စာစစ်ဌာနနှင့်တိုင်းဒေသကြီး / ပြည်နယ်စာစစ်ဌာနများတွင် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူများ၏အမည် စာရင်းနှင့် ခုံအမှတ်တို့ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ Website ဖြစ်သော www.oagmac.gov.mm နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်ရုံး စာစစ်ဌာနများတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ကတ်ပြားများကို ၂၀ - ၄ -၂၀၂၃ ရက်နေ့မှစတင်၍ တိုင်းဒေသကြီး/ပြည်နယ် စာစစ်ဌာနများတွင် ဖြေဆိုသူများအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ၌လည်းကောင်း၊ နေပြည်တော်စာစစ်ဌာနတွင် ဖြေဆိုသူများအနေဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ်(၁၂)၊ နေပြည်တော်၌လည်းကောင်း ဖြေဆိုမည့်သူ ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

၁၀။ ရေးဖြေစာမေးပွဲအောင်မြင်သူများ၏ အမည်စာရင်းနှင့် လူတွေ့စစ်ဆေးမည့်အစီအစဉ်ကို ဤရုံး၏ Website ဖြစ်သော www.oagmac.gov.mmနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ် ရုံးစာစစ်ဌာနများတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၁။ ဤရုံးတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ( ၅ )နှစ်မပြည့်မီ ဝန်ထမ်း အဖြစ်မှ နုတ်ထွက် လိုပါက လျော်ကြေးငွေကျပ် ၅၀၀,၀၀၀ (ကျပ်ငါးသိန်းတိတိ) ပေးသွင်းပြီးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ပါသည်။

၁၂။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ်(၁၂)၊ နေပြည်တော်(ရုံးချုပ်)၊ တယ်လီဖုန်း အမှတ်၊ ၀၆၇-၄၀၇၂၈၈၊ ၀၆၇-၄၀၇၇၆၃၊ ၀၆၇-၄၀၇၃၃၄နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်စာရင်းစစ် ချုပ်ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

## တင်ဒါကြော်ငြာ(အဝယ်)

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)တွင် ၁-၄-၂၀၂၃ ရက်မှ ၃၁-၃-၂၀၂၄ ရက်နေ့အထိ ကာလအတွင်း အောက်ဖော်ပြပါ ပစ္စည်းများကို ဝယ်ယူရန်လိုအပ်ပါသည်-

**တင်ဒါအမှတ်(၁/၂၀၂၃-၂၀၂၄)**

| | | |
|---|---|---|
| ၁။ ငါးမှုန့် | ပိဿာ | ၉၆၀ |
| ၂။ ပြောင်းမှုန့် | ပိဿာ | ၉၆၀ |
| ၃။ ပဲဖတ်မှုန့် | ပိဿာ | ၇၂၀ |
| ၄။ နှမ်းဖတ်မှုန့် | ပိဿာ | ၁၂၀ |
| ၅။ ဂျုံဖွဲ | ပိဿာ | ၁၄၄၀ |
| ၆။ ဖွဲနု | ပိဿာ | ၁၀၈၀ |
| ၇။ ပဲမှုန့်စိမ်း | ပိဿာ | ၉၆၀ |
| ၈။ ဆန်မှုန့်စိမ်း | ပိဿာ | ၉၆၀ |
| ၉။ ဆန်ကွဲ | တင်း | ၂၄ |

**တင်ဒါအမှတ်(၂/၂၀၂၃-၂၀၂၄)**

| | | |
|---|---|---|
| ကန်စွန်းရွက် | ပိဿာ | ၁၄၆၀ |

**တင်ဒါအမှတ်(၃/၂၀၂၃-၂၀၂၄)**

| | | |
|---|---|---|
| ၁။ ကောက်ရိုးအသစ် | ပေါင် | ၆၀၀ |
| ၂။ စက်ထိုးရွှေဘော်စာ | ပိဿာ | ၇၂၀ |

တင်ဒါဈေးနှုန်း တင်သွင်းလိုသူများသည် တင်ဒါစည်းကမ်းများကို ရုံးချိန်အတွင်း ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)တွင် စုံစမ်းပြီး ငွေကျပ် ၅၀၀၀(ငါးထောင်ကျပ်)ဖြင့် ဝယ်ယူနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ (၃-၃-၂၀၂၃)ရက် မွန်းလွဲ(၃:၀၀)နာရီတိတိ ဖြစ်ပါသည်။

**ဆေးသုတေသနဦးစီးဌာန**
**အမှတ်(၅)၊ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ"

ရန်ကုန်မြို့နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းခမ်းအောင်[၁၃/လလန(နိုင်)၀၅၀၉၁၄]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၈/ရပ်ကွက်၊ ဂန္ဓမာအောက်လမ်း၊ အမှတ်(၁၆၈/ခ)၊ ဦးစံရွှေဂရန်အမည်ပေါက်ဟု ခေါ်တွင်သော (အလျား ၂၀ပေ xအနံ ၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေအိမ် အဆောက်အဦတို့အားပိုင်ဆိုင်ကြောင်း အဆိုပြုလာသူ ဦးသန့်ဇင်မင်း[၁၂/သကတ(နိုင်)၁၂၈၈၀၃]ထံမှ(၁၆-၂-၂၀၂၃)ရက်စွဲပါ အရောင်းအဝယ်စရန်ပေး စာချုပ်ဖြင့် စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါ အိမ်နှင့်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအပြည့်အစုံဖြင့် ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ (၇)ရက်အတွင်း ကန့်ကွက်ခြင်းမရှိခဲ့ပါက အဆိုပါ အိမ်နှင့်မြေအပြီးအပိုင် အရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်သူမြင့် (LL.B)** — **ဒေါ်ဇင်မာမျိုးမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၁၁)** — **အထက်တန်းရှေ့နေ(စဉ်-၂၂၆၃၂)**
**အမှတ်(၉၈၇)၊ ရတနာပုံ(၁၀)လမ်း၊ ၉/ရပ်ကွက်၊ သာကေတမြို့နယ်။**
**Ph:09-420010569**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၂၊ မြေကွက်အမှတ်-၂၀၇၀၊ ဧရိယာ(၄၀ပေx၆၀ပေ)အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို(ယခင်) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ (ယခု)ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးထွန်းအုပ်(EI-၀၇၀၀၁၅)အမည်ဖြင့် မှတ်သားတည်ရှိပြီး ဦးထွန်းအုပ်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူကာ ရောင်းချခြင်းဖြင့်စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသဲမောင်ဝင်း [၁၂/ဒဂတ(နိုင်)၀၉၀၉၀၅]က ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၅၄၆၂၄၀၊ ၀၉-၇၉၉၅၉၉၅၅၀၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၀၊ မြေကွက်အမှတ်-၇၆၈၊ ဧရိယာ(၄၀ပေx၆၀ပေ)အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို(ယခင်) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ (ယခု)ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးဖေမြင့်သန်း (W/RGN-၀၀၃၉၅၇)အမည်ဖြင့် မှတ်သားတည်ရှိပြီး ဦးဖေမြင့်သန်းထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူကာ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇေယျာစိုး[၁၄/မအပ(နိုင်)၂၀၈၀၈၂]က ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၅၄၆၂၄၀၊ ၀၉-၇၉၉၅၉၉၅၅၀၅**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် SWIFT System Terminal အသုံးပြုနိုင်ရေးအတွက် လိုအပ်သော Device များ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို (၁၇-၂-၂၀၂၃) ရက်နေ့မှ (၂၈-၂-၂၀၂၃) ရက်နေ့အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့်လူသား အရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊email: cbm_swift@cbm.gov.mmနှင့်itdiroffice_ygn@cbm. gov.mm သို့ပေးပို့တောင်းခံနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၈-၂-၂၀၂၃) ရက်၊ မွန်းလွဲ (၂:၀၀) နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနတွင် တင်သွင်းရန်ဖြစ်ပါသည်။(သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ)

၄။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁% အား တင်ဒါအာမခံကြေးအဖြစ် (၃)လ သက်တမ်းရှိသော Bank Guarantee အား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်တင်သွင်းရပါမည်။(ငွေသား သို့မဟုတ် P.O Cheque ဖြင့် တင်သွင်းခြင်းကို လုံးဝ(လုံးဝ)လက်ခံမည် မဟုတ်ပါ)

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန (ရန်ကုန်ဘဏ်ခွဲ)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း ၀၁-၅၅၄၇၅၂ နှင့် Email လိပ်စာ cbm_swift@cbm.gov.mm သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ် ၁၂၇၅/က၊ မြေကွက်တည်နေရာအမှတ်(၁၂၇၅/က)၊ မဟော်သဓာလမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်(ဦးခင်မောင်ထွန်း) (C/RGN-၀၀၇၃၅၄)၊ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက် အစပ်များဖြင့် ဝယ်ယူခဲ့သူ ဦးသိန်းသန်းဌေး[၈/ပခက(နိုင်)၂၂၈၇၆၃]၊ ဒေါ်နွယ်နွယ်ဝင်း[၈/ပခက(နိုင်)၂၁၆၇၂၂]တို့မှ ပါမစ်မူရင်းတွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများ စာရင်းတို့ တင်ပြနိုင်ခြင်းမရှိဘဲ မိသားစုဓာတ်ပုံနှင့် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့ကိုသာတင်ပြ၍ ပါမစ်မစုံဖြင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ လူနေရပ်ကွက်အမှတ်-၉၊ မဟာမြိုင်လမ်း၊ မြေကွက်အမှတ်-၃၇၉(က+ခ)၊ အကျယ်ပေ(၄၀ x ၆၀)ရှိ ဒေါ်ပြုံးအမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသောမြေကွက်နှင့် မြေကွက်ပေါ်ရှိ ရေမီးစုံပါ လူနေအိမ်တို့၏ ပိုင်ဆိုင်မှုအား ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ပြုံး[၁၂/မရက(နိုင်)၁၁၆၈၃၆]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ မြေကွက်၏ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို မြေကွက် ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလွင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)**
**အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၉၆၈၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)ရှိ ဒေါ်အင်ကြင်းဦး(ဘ) ဦးမျိုးသန့် [၁၂/မဘန(နိုင်)၀၉၇၉၃၃]အမည်ပေါက် မြေကွက်အမှတ်(၃၅၃)၊ ဧရိယာ(၀.၀၈၂)ဧက၏ မြေပေးမိန့်(မူရင်း)ပျောက်ဆုံးသွားသဖြင့် **မြေပေးမိန့်(မိတ္တူမှန်)ထုတ်ယူခွင့်ပြုပါရန်** အမည်ပေါက်သူမှ မြေပေးမိန့်မိတ္တူပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဝန်ခံကတိပြုချက်၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦး ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပေးမိန့်(မိတ္တူမှန်)**လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်တောင်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၉၄)၊ ၈-လွှာ(ဘီ)ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား ၁၅ပေ x အနံ ၆၀ပေ)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင်တွယ်ကပ်တပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖြူဖြူဝင်း [၁၂/သဃက(နိုင်)၀၂၇၉၇၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာ အကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသူရအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၄၈)**
**အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၄၃၁၁၃၂၁၁**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပြည်တော်သာပတ်လမ်း၊ အမှတ်(၈၂၇/ခ)နေ ဦးအောင်ချိုနိုင်(ဘ)ဦးအောင်ကြည်[၇/ဒဥန(နိုင်)၁၁၉၁၅၁]မှ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၄)လမ်း၊ အမှတ်(၆၆၀)နေ ဦးဝင်းနိုင်(ဘ) ဦးမောင်အေး[၁၂/အစန(နိုင်)၁၅၅၈၃၃]နှင့် ဒေါ်အေးသန္တာကျော်(ဘ) ဦးမြတ်ကျော်[၁၄/ကပန(နိုင်)၀၀၁၁၆၅]တို့အား ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ (၁၆-၁၁-၂၀၁၈)ရက်စွဲဖြင့် လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၉၉/၂၀၁၈)ကို အပြီးအပိုင်ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီစိုး(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၉၄၃၁)**
**အမှတ်(၆၄၅/ခ)၊ မြဟေဝန်ပန်းခြံလမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၄၈၀၁၂၃၉၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာ၊ တိုက်အမှတ်(၂၅)၊ အခန်းအမှတ်(၀၀၃)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်သန်းကျော်[၉/မရတ(နိုင်)၀၇၇၆၆၄]ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဦးတင့်ဆွေ [၁၄/ဝခမ(နိုင်)၁၃၅၁၄၈]က ၎င်းအမည်ဖြင့် အမည်ပြောင်း တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာဖွံ့ဖြိုးရေးဌာန**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာ၊ တိုက်အမှတ်(၂၅)၊ အခန်းအမှတ်(၀၀၂)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးအေးလွင်[၁၃/ရစန(နိုင်)၀၀၀၀၃၁]ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဦးတင့်ဆွေ[၁၄/ဝခမ(နိုင်)၁၃၅၁၄၈]က ၎င်းအမည်ဖြင့် အမည်ပြောင်း တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာ၊ တိုက်အမှတ်(၂၅)၊ အခန်းအမှတ်(၀၀၄)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးဝင်းနိုင်ကျော် [၁၂/ကမရ(နိုင်)၀၂၆၂၀၇]ထံမှ တစ်ဆင့် ပြန်လည်ဝယ်ယူထားသူ ဦးတင့်ဆွေ [၁၄/ဝခမ(နိုင်)၁၃၅၁၄၈]က ၎င်းအမည်ဖြင့် အမည်ပြောင်း တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၃၀၆)ဟုခေါ်တွင်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချပေးထားသည့် ဦးတင်ရွှေ [၁၂/သဃက(နိုင်)၀၆၂၄၅၅]အမည်ပေါက် မြေချပါမစ်မူရင်း အကျယ်အဝန်းပေ (၄၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အုတ်ညှပ်တိုက်အပါ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားကာ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ထက်ထက်အောင်[၁၄/ဘကလ(နိုင်)၂၀၄၁၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျင်မွေး [၁၄/လပတ(နိုင်)၁၁၁၂၉၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေသီမွန်**
**အထက်တန်းရှေ့နေ(စဉ်-၅၂၈၆၈)**
**အမှတ်(၁၃၇၀)၊ မင်းရဲကောင်းပုံလမ်း၊ ၅၅ ရပ်ကွက်၊ ဒဂုံ(တောင်ပိုင်း)။**
**09-443224156, 09-963300498**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အခွန်ဌာန
## ပထမအကြိမ် အိတ်ဖွင့်လေလံကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (၁)နှစ်အတွက် အောက်ပါအသားဆိုင်များ ရောင်းချလုပ်ကိုင်ခွင့်များ နှင့် အခွင့်အရေးအရပ်ရပ်ဆိုင်ရာ လုပ်ကိုင်ခွင့် လိုင်စင်များကို ပထမအကြိမ် အိတ်ဖွင့်လေလံရောင်းချသွားမည်ဖြစ်ပါသည်-

| စဉ် | အခွင့်အရေးအမျိုးအစား | လေလံတင် ရောင်းချမည့်ရက် | နေရာ |
|---|---|---|---|
| (က) | ဝက်သားဆိုင်(၁၀၀)ဆိုင် | ၆-၃-၂၀၂၃ | မြို့တော်ခန်းမ |
| (ခ) | ဝက်သားဆိုင်(၃၇)ဆိုင်နှင့် ဆိတ်သားဆိုင် (၈၇)ဆိုင် | ၇-၃-၂၀၂၃ | မြို့တော်ခန်းမ |
| (ဂ) | အမဲသားဆိုင် (၇၉)ဆိုင် | ၈-၃-၂၀၂၃ | မြို့တော်ခန်းမ |
| (ဃ) | ရေချိုး/အိမ်သာအသုံးပြုခ ကောက်ခံခွင့် (၄၅) နေရာ | ၉-၃-၂၀၂၃ | မြို့တော်ခန်းမ |
| (င) | စက်ဘီး/ဆိုင်ကယ်အပ်နှံခ ကောက်ခံခွင့်(၄၈)နေရာ | ၁၀-၃-၂၀၂၃ | မြို့တော်ခန်းမ |
| (စ) | ထီးတိုင်စိုက်ထူကောက်ခံခွင့် (၁) နေရာ | ၁၀-၃-၂၀၂၃ | မြို့တော်ခန်းမ |
| (ဆ) | မန္တလေး(၆)မြို့နယ်လမ်းဘေး ဈေးကောက်ကောက်ခံခွင့် (၆)နေရာ | ၁၀-၃-၂၀၂၃ | မြို့တော်ခန်းမ |
| (ဇ) | ဆိပ်ကမ်းခွန်ယာဉ်ရပ်နားနှင့် လမ်းဘေးဈေးကောက် ကောက်ခံခွင့်(၂)နေရာ | ၁၀-၃-၂၀၂၃ | မြို့တော်ခန်းမ |
| (ဈ) | ယာဉ်ရပ်နား(ကန့်သတ်) ကောက်ခံခွင့်(၆)နေရာ | ၁၀-၃-၂၀၂၃ | မြို့တော်ခန်းမ |
| (ည) | ပြည်ကြီးမဂ်လာယာဉ်ရပ်နား စခန်းအတွင်း ဂိုဒေါင်ငှားရမ်း လုပ်ကိုင်ခွင့်(၂)နေရာ | ၁၀-၃-၂၀၂၃ | မြို့တော်ခန်းမ |

၂။ အထက်ဖော်ပြပါ လုပ်ကိုင်ခွင့်များအား လေလံဆွဲဝယ်ယူသူများသည် လေလံလျှောက်လွှာများကို လေလံယှဉ်ပြိုင်မည့် အမျိုးအစားအလိုက် သတ်မှတ်ထားသည့်ကြေးပေးသွင်း၍ ဝယ်ယူကာ လျှောက်လွှာ၌ သတ်မှတ်ထားသော စည်းကမ်းများနှင့် အညီပါရှိရမည့် စာရွက်စာတမ်းများပူးတွဲလျက်တင်ပြပြီး လေလံကြမ်းခင်းဈေး၏ (၁၀%) စားပွဲတင်စပေါ်ငွေကို လေလံတင်ရောင်းချမည့်ရက်မတိုင်မီ (၃)ရက် ကြိုတင်၍ အခွန်ဌာနသို့ တင်သွင်းထားရှိရမည်။ လျှောက်လွှာရောင်းချမှုနှင့်စပေါ်ငွေ လက်ခံမှုနောက်ဆုံးရက်မှာ (၂၈-၂-၂၀၂၃) ရက်နေ့ (၁၃:၀၀) နာရီဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ဖုန်း-၀၂-၄၀၃၆၁၇၁ (လိုင်းခွဲ -၁၅၃)၊ ၀၉-၄၀၂၅၂၂၀၈၅၊ ၀၉-၉၇၄၄၆၅၂၉၁ နှင့် ၀၉- ၄၀၂၅၃၁၁၁၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆ (မြယမုံ)၊ မြေကွက်အမှတ်-၁၃၂၊ မြေကွက်တည်နေရာအမှတ်(၆၆)၊ မြယမုံ စိမ်းရိပ်မြိုင်အိမ်ရာ၊ အမှတ်(၂)လမ်း၊ ဒဂုံတောင်၊ ဒေါ်ဝေမျိုးချစ်[၁၂/ရကန(နိုင်)၀၀၀၄၆၉]အမည်ပေါက်ပါမစ်မြေအားပါမစ်အမည်ပေါက် ဒေါ်ဝေမျိုးချစ်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်စိုးသန္တာ[၁၂/ဗဟန(နိုင်)၀၀၄၂၀၂]ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ-၉၃၉၉/၂၀၂၀ (၁၀-၈-၂၀၂၀)ရရှိသူ ဦးစိုးညွန့်[၁၂/ကတတ(နိုင်)၀၁၉၆၂၀]မှ ကိုယ်စားလှယ်လွှဲသူသက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်-၉/၆၁၅/၂၀၂၀ (၃-၉-၂၀၂၀)နှင့် ခတ်ပုံဆောက်လုပ်နေထိုင်ခွင့်လက်မှတ်တင်ပြ၍ ရုံးခွဲစာရင်းဝင်ထားသော အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုသူများစာရင်းမပါရှိခြင်းကြောင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက ဖြစ်ပေါ်လာသော ကိစ္စအဝဝဖြေရှင်းပေးမည်ဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်-၆၅၀/၂၀၂၂(၂၅-၈-၂၀၂၂)နှင့် ဂရန်သစ်လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ ဆောက်လုပ်ဆဲ(၃)ထပ်အဆောက်အဦ(၁)လုံးရှိပြီး အုတ်တံတိုင်း ခြံစည်းရိုးကာရံထားပြီး ဒေါ်စိုးသန္တာမှ သိရှိသဘောတူလက်မှတ်ရေးထိုးပေးပါသဖြင့် ပါမစ်မစုံ (ဂရန်သစ်)လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရွှေတိဂုံစေတီတော်(၂၆၁၁)နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကျင်းပမည်

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်(၂၆၁၁) နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို (၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၆ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ) ၂၄-၂-၂၀၂၃ ရက်မှ ၅-၃-၂၀၂၃ ရက်အထိ)၁၀ ရက်တိုင်တိုင် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာဟု ဆိုအပ်သော ပူဇော်ခြင်းအမျိုးအမျိုးတို့ဖြင့် ကျင်းပပူဇော်သွားမည်ဖြစ်ပါသည်။

ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကျင်းပရာ၌ တပေါင်းလဆန်း ၆ ရက် ၂၄-၂-၂၀၂၃ ရက် နံနက် ၉:၀၀ နာရီတွင် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ဖွင့်ပွဲကို ကျင်းပပြီး ယင်းနေ့ နံနက် ၉:၀၀ နာရီမှ တပေါင်းလပြည့်နေ့ ၅-၃-၂၀၂၃ ရက် နံနက် ၉:၀၀ နာရီအထိ သံဃာတော် ၁၂၀ ပါးတို့က နာရီပေါင်း ၂၁၆ နာရီတိုင်တိုင် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ပါသည်။

တပေါင်းအဖိတ်နေ့ ၄-၃-၂၀၂၃ ရက် ညနေ ၄:၀၀ နာရီတွင် ဘုရားအမှူးရှိသော ဩဝါဒစရိယဆရာတော်ကြီးများနှင့်ပင့်သံဃာ ၁၁၇ ပါး၊ သီလရှင် ၂၇ ပါး၊ စုစုပေါင်း ၁၄၄ ပါးတို့အား ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှစ၍ ရင်ပြင်တော်လက်ယာရစ်တစ်ပတ် ဆွမ်းဆန်တော်လောင်းလှူခြင်း၊ တပေါင်းလပြည့်နေ့ ၅-၃-၂၀၂၃ ရက် နံနက် ၅:၃၀ နာရီတွင် ရင်ပြင်တော်အောင်မြေ၌ ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၉:၀၀ နာရီတွင် ချမ်းသာကြီးတန်ဆောင်း၌ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ပိတ်ပွဲ(အောင်ပွဲ)နှင့် ရေစက်ချအခမ်းအနား ကျင်းပခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူများမှ အနုမောဒနာပြုနိုင်ကြပါရန် ပါဝင်လှူဒါန်းကုသိုလ်ပြုနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဦးအောင်မြတ်လမ်း၊ တိုက်အမှတ်- ၂၃၊ အခန်းအမှတ်- ၃/ဘီ ဟုခေါ်တွင်သောတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးဇေယျာသိန်း [၁၃/ဖခန (နိုင်) ၀၂၂၄၀၁] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးစိုးမင်းထိုက် (စဉ်- ၄၀၃၂၇) | ဦးကျော်ဇေယျ (စဉ်- ၃၁၂၁) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| Ph: 09-420177685 | Ph:09-5007849 |

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

